# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၉) ရက် ၊ အင်္ဂါနေ့ ၊ (21-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြှင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်၌ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့်နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူသွားလာမှုအဆင်ပြေစေရေးအတွက် ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်



နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအနီးတွင် TNLAအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းကို ပြန်လည်ပြုပြင်ရှင်းလင်းခြင်း မဆောင်ရွက်မီ တွေ့ရစဉ်။



နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအနီးတွင် TNLAအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့်လုပ်ကိုင်လျက်ရှိသည့်အပြင် ဒေသအတွင်း ကုန်စည်စီးဆင်းမှု ပျက်ပြားစေရန်အလို့ငှာ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော လမ်းများကို ကန့်လန့်ဖြတ်မြောင်းကြီးများတူး၍ လမ်းအား ဖျက်ဆီးကာ မြေစိုင်များဖြင့် ပိတ်ဆို့ခြင်းများလုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်ရာတွင် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ပြင်ဦးလွင် - နောင်ချို - ကျောက်မဲ - လားရှိုး ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ရှိ နောင်ချိုမြို့နယ် ရွှေညောင်ပင်အနီးတွင် တစ်နေရာ၊ လယ်ကျင်းကွေ့ကျေးရွာ အနီးတွင် တစ်နေရာ၊ အုမ္မခါးကျေးရွာအနီးတွင် တစ်နေရာ၊ ဂုတ်တွင်းရှုခင်းသာအနီး တစ်ဝိုက်တွင် တစ်နေရာ၊ နောင်ပစ်လမ်းခွဲနေရာတွင် တစ်နေရာ၊ နောင်ပစ်နှင့် နောင်ပိန်းကျေးရွာကြားနေရာ တစ်ဝိုက်တွင် ခုနစ်နေရာတို့၌ မြေဖြတ်ကျင်းများတူး၍ လမ်းအား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ အချို့နေရာများတွင် သစ်ပင်ကြီးများကို ခုတ်လှဲပိတ်ဆို့ခြင်းနှင့် မြေကြီးများစုပုံပိတ်ဆို့ခြင်းများ

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့**




ရတနာပုံ

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက်

## အယ်ဒီတာ့အာဘော်

# မြစ်ကြောင်းတစ်လျှောက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဂုဏ်ပြု

နိုင်ငံတစ်ဝန်းရှိ ပြည်သူများ၏ ကျန်းမာရေးကို အလေးထားသည့်အနေဖြင့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကု ဆေးအဖွဲ့တို့က ပြည်သူ့အကျိုးပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဆေးကုသမှုဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကုန်းလမ်းမှသွားရောက်ဆောင်ရွက်ပေးသကဲ့သို့ ကမ်းရိုးတန်းဒေသနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ညောင်တုန်းမြို့၊ အဖျောက်မြို့၊ ဟင်္သာတမြို့၊ မြန်အောင်မြို့၊ ထုံးဘိုမြို့၊ ပြည်မြို့၊ ကြခင်းမြို့၊ မိုးညိုနှင့် ပတ်ဝန်းကျင်မြို့နယ်အသီးသီးရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်အသီးသီးမှ မကျန်းမာသူ ဒေသခံပြည်သူ လူနာစုစုပေါင်း ၉၉၅၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဓာတ်မှန်ရိုက် ရောဂါရှာဖွေခြင်း၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်ခြင်း၊ **ECG** စက်ဖြင့် နှလုံးစမ်းသပ်ခြင်းစသော ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့် လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သည့် နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံပြည်သူများသည် အချိန်ကုန်၊ ငွေကုန်သက်သာ၍ ကျန်းမာရေးများ တိုးတက်ကောင်းမွန်လာသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများက အထူးကျေးဇူးတင်ကာ ဝမ်းမြောက်ဝမ်းသာလျက်ရှိကြသည်။

သို့ဖြစ်ရာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာ၊ အကြင်နာတရားအပြည့်နှင့် စွမ်းစွမ်းတမံဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့တွင် ပါဝင်လိုက်ပါဆောင်ရွက်လျက်ရှိသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့တို့၏ ဆောင်ရွက်ချက်များကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား စီးပွားရေးလုပ်ငန်း ၄၇၄ ခုကို လုပ်ငန်းမှတ်ပုံတင် ခွင့်ပြုထုတ်ပေးထား



**မန္တလေး နိုဝင်ဘာ ၂၀**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစီးပွားရေးလုပ်ငန်း ၄၇၄ ခုကို တရားဝင်လုပ်ငန်းမှတ်ပုံတင်များ ခွင့်ပြုထုတ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများဖြစ်သော အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပြီး လုပ်ငန်းရှင်များပေါ်ထွက်လာစေရန် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းမှတ်ပုံတင် ၄၅၅ ခုကိုလျာထားပြီး လုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များကိုခွင့်ပြုထုတ်ပေးနေရာ လက်ရှိအချိန်ထိ အသေးစားတစ်နိုင်တစ်ပိုင်လုပ်ငန်းလုပ်ကိုင်သူလုပ်ငန်းရှင်များ လာရောက်လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် တရားဝင်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် တရားဝင်လုပ်ငန်းမှတ်ပုံတင် ၄၇၄ ခုကို ခွင့်ပြုထုတ်ပေးထားကြောင်း သိရသည်။

"အခုဘဏ္ဍာနှစ်အတွင်းမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်တွေ ပေါ်ထွက်လာဖို့အတွက် တရားဝင်လုပ်ငန်းမှတ်ပုံတင်တွေကို ထုတ်ပေးနေတာပါ။ ဘဏ္ဍာနှစ်အလိုက်လဲ ထုတ်ပေးနေတာပါ။ ဒါပေမဲ့ ဒီဘဏ္ဍာနှစ်အတွင်းမှာတင် လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းမှတ်ပုံတင် ၄၅၅ ခုကိုထုတ်ပေးသွားမှာပါ။ အခုဆိုရင် လျာထားချက်ထက်ပိုပြီး ထုတ်ပေးနိုင်နေပါပြီ။ တရားဝင်လုပ်ငန်းမှတ်ပုံတင်တွေရရှိပြီးတော့ မိမိတို့ထုတ်လုပ်တဲ့ ထုတ်ကုန်တွေကို ဈေးကွက်ကို ဖြန့်ဖြူးရောင်းချနိုင်မှာပါ။ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကိုလဲ ထိုးဖောက်နိုင်အောင် ဆောင်ရွက်ပေးမှာပါ" ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

ထိုသို့တရားဝင်လုပ်ငန်းမှတ်ပုံတင်ထုတ်ပေးနေသော လုပ်ငန်းများမှာ စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးဆိုင်ရာလုပ်ငန်း၊ နေထိုင်ရေးဆိုင်ရာ လုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်းလုပ်ငန်း၊ ပုံနှိပ်နှင့်စာအုပ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ကြမ်းလုပ်ငန်း၊ ဓာတ်သတ္တုပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးကိရိယာ ထုတ်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ အထွေထွေအသေးစားစက်မှုလက်မှုလုပ်ငန်းစသည်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်ရေနည်းချိန်ကာလ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားနေ

**မန္တလေး နိုဝင်ဘာ ၂၀**

ဧရာဝတီမြစ်ရေနည်းချိန်ကာလ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၇ ကောင် ပြောင်းရွှေ့နေထိုင်ကျက်စားနေကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေနည်းချိန်ကာလတွင် ဧရာဝတီလင်းပိုင်များ နေရာပြောင်းရွှေ့၍ အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ ဧရာဝတီလင်းပိုင်များသည် ယခင်က မင်းကွန်းဒေသအနီးတွင် အုပ်စုလိုက် နေထိုင်ကျက်စားလျက်ရှိကြောင်း၊ နိုဝင်ဘာ ၁၈ ရက်မှစ၍ မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင်များ ပြောင်းရွှေ့ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေနည်းချိန်ဖြစ်တာကြောင့် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်တဲ့ မန္တလေးကနေ ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေအနေနဲ့ အစာပေါ်များတဲ့ မတ္တရာမြို့နယ်အတွင်းက မြေစွန်းကျေးရွာအနီးမှာ အုပ်စုလိုက်ပြောင်း ရွှေ့နေထိုင်ကျက်စားနေကြတာကို ဒေသခံရေလုပ်သားတွေ နိုဝင်ဘာ ၁၈ ရက်က တွေ့မြင်ခဲ့ပါတယ်"ဟု ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်များကို ကြည့်ရှုချင်သည့် ခရီးသွားဧည့်သည်များအနေဖြင့် မတ္တရာမြို့နယ် မြေစွန်းကျေးရွာအနီးတွင် သွားရောက်ကြည့်ရှုနိုင်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် နိုင်လွန်ပဲ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့်နိုင်လွန်ပဲအရောင်းအဝယ် ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့် နိုင်လွန်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်းက ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် မြေထောက်ပဲနှင့်နိုင်လွန်ပဲကို ကုန်သည်များက ဝယ်ယူမှု များပြားလာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ မြေထောက်ပဲနဲ့ နိုင်လွန်ပဲအမျိုးအစားတွေ အဝယ်တော်တော်လေး ပြန်လိုက်လာတယ်။ ဈေးကွက်ထဲမှာတော့ အခြားကုန်စည်တွေလဲ ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ နိုင်လွန်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကုလားပဲနဲ့နှမ်းတွေလဲ ဈေးကွက်ထဲမှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေတယ်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလဲ ကုလားပဲနဲ့ နှမ်းကို ဝယ်ယူမှုတွေရှိပါတယ်။ အခြားစားတော်ပဲတို့၊ ပဲစင်းငုံတို့လဲ ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံ ဗီ–၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဒိုက်ဦးမြို့နယ် သရက်တောကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သရက်တောကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းနှင့် ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကြီး၊ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သရက်တောကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့် အညီအချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် သရက်တောကျေးရွာ၌ အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း၊ အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၈၂ ဒသမ ၁၂ သန်းအသုံးပြု၍ တော်ဝင်ကျားဖြူကုမ္ပဏီက ယခုနှစ် ဇူလိုင် ၂၈ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက သရက်တောကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေဧက ၃၅၀ ကျော်မှထွက်ရှိမည့် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။ **ကိုညို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါန သံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့နေ မကြယ်စေတီ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၈၄၀၀၀ တင်ပို့ရောင်းချခဲ့ရ



**ဝါးခယ်မ နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးမြစ်ချင်းပိဿာချိန် ၈၄၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးမြစ်ချင်းပိဿာချိန် ၈၄၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလထက် အောက်တိုဘာလတွင် ငါးမြစ်ချင်းပိဿာချိန် ၃၉၀၀၀ ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်မြို့ကို ရေထွက်ကုန်ပစ္စည်းတွေကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ စက်တင်ဘာလကထက် အောက်တိုဘာလထဲမှာ ငါးမြစ်ချင်း ပိဿာချိန် ၃၉၀၀၀ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးမြစ်ချင်းတွေကို ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်။ အခြား ရေထွက်ကုန်တွေလဲ ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်" ဟု ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျ အမျိုးအစားခွဲခြားသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့အများဆုံးတင်ပို့ ရောင်းချနေကြောင်း၊ ငါးမြစ်ချင်းပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၈၀၀၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖဲမြို့နယ် သီပေါ်ရွာသစ်ကျေးရွာ၌ ၄၀၀ ပို့ဗာတ်အားလိုင်းသွယ်တန်းပြီးစီးမှု စစ်ဆေး

**ဖဲ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပန်းထိမ်းကျေးရွာအုပ်စု သီပေါ်ရွာသစ်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှုကို နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သီပေါ်ရွာသစ်ကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီပေါ်ရွာသစ်ကျေးရွာ၌ အရှည်သုည ဒသမ ၇၅ မိုင် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၅၂ ဒသမ ၄၈၅၆ သိန်း စုစုပေါင်း ငွေကျပ် ၄၀၂ ဒသမ ၄၈၅၆ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၅၂၀ စိုက်ပျိုးမည်

**ရေဦး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၂၅၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၂၀၃ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၈၁ ဧကနှင့်ဒီပဲယင်းမြို့နယ်တွင် ၁၃၆ ဧက စုစုပေါင်း ဧက ၂၅၂၀ ဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင် ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆောင်းကြက်သွန်နီ ဧက ၂၅၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားမယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာပဲ စိုက်တာများပါတယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာတော့ သိပ်မစိုက်ကြပါဘူး"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး ထွက်ရှိချိန် တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ရှိကြောင်း၊ ယခုနှစ် ကြက်သွန်နီစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန်၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီရရှိရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘိုနှင့် မြင်းမူမြို့နယ်တို့၌ ကြက်သွန်နီကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)



# ကမ္ဘာ့အခမ်းနားဆုံးသောမော်တော်ကားပြပွဲကြီး အပိုင်း(၃)

ပါမောက္ခကိုကိုအောင်




**Geneva International Motor Show 2015 ၌ ပြသထားသော Porsche 919 Hybrid**

တိုယိုတာပြခန်းထဲ၌လည်း စိတ်ဝင်စားဖွယ်ကောင်းသော ကားတစ်စီးကို တွေ့မြင်ရသည်။ ဟိုက်ဒရိုဂျင်လောင်စာရည်သုံး Toyota Mirai တံခါးလေးပေါက်ပါ ဆီဒင်ကားကလေးဖြစ်ပြီး ဥရောပဈေးကွက်အတွက် ရည်မှန်းထုတ်လုပ်ထားသော Fuel Cell ကားဖြစ်သည်။ ပြီးခဲ့သည့်နှစ်အထိ နမူနာရှေ့ပြေးပုံစံအဖြစ်သာ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ် ရောက်မှသာ လက်တွေ့စီးနင်းအသုံးပြုနိုင်သော Mirai ဆီဒင်ကို ဟိုက်ဒရိုဂျင်လောင်စာအပြည့်ဖြည့်တင်းရန် အချိန်သုံးမိနစ်သာပေးရပြီး ဖြည့်တင်းထားသော လောင်စာရည်အပြည့်ဖြင့် ခရီးအကွာအဝေးကီလိုမီတာ ၄၈၀ ထိ လွတ်လပ်ပေါ့ပါးစွာ မောင်းနှင်နိုင်သော ခေတ်သစ်ပုံစံကားတစ်စီးဖြစ်သည်။

ထိုပြခန်းထဲ၌ပင် ဆွစ်ဇာလန်ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်ထားသော Toyota အမှတ်တံဆိပ် RAV-4 နှင့် Verso Swiss Trend တို့ကိုလည်း ယှဉ်လျက်ပြသထားသည်။ လေးဘီးယက်ကားများဖြစ်ကြသော အဆိုပါကားနှစ်စီးသည် SUV နှင့် MPV တို့ဖြစ်ကြပြီး အဆင့်အတန်းမြင့်မြင့် စီးနင်းအသုံးပြုနိုင်အောင် တပ်ဆင်ထုတ်လုပ်ပေးထားသည့်အတွက် ဆွစ်လူမျိုးတို့က အထူးနှစ်သက်ကြသည်။

ပြပွဲခန်းမ (၅) ထဲ၌မူ ကမ္ဘာ့အကောင်းဆုံးနှင့် ဈေးအကြီးဆုံးသော Rolls-Royce အမှတ်တံဆိပ် မော်တော်ကားပြခန်းကို တွေ့ရှိရသည်။ Rolls-Royce ကားအမှတ်တံဆိပ်ကဲ့သို့ပင် လူကုံထံအသိုင်းအဝိုင်းက နှစ်သက်သော Alfa Romeo အမှတ်တံဆိပ် ကားများကိုလည်း အဆိုပါပြပွဲခန်းမ (၅) ထဲ၌ ပြသထားသည်။

Alfa Romeo အမှတ်တံဆိပ် မော်တော်ကားများထဲ၌ လူငယ်ပရိသတ်များ အလွန်နှစ်ခြိုက်သဘောကျသည့် 4C Spider ဟု အမည်ပေးထားသော အမိုးဖွင့်အဝါရောင်မော်တော်ကားကလေးက အလွန်မျက်နှာပန်းပွင့်လျက်ရှိသည်။ ဆလင်ဒါလေးလုံးတပ် ၁၇၅၀ စီစီ တာဘိုအင်ဂျင်ကို တပ်ဆင်ထားသော 4C Spider ကားကလေးသည် အရွယ်အစားအားဖြင့် သေးသွယ်သည်ဟု ထင်ရသော်လည်း အင်ဂျင်၏စွမ်းအားမှာ မြင်းကောင်ရေ ၂၄၀ ရှိသည့်အတွက် မြန်နှုန်းမြင့်စွမ်းအားမြင့် အမျိုးအစားတစ်ခုပင်ဖြစ်သည်။

ပြပွဲခန်းမ (၅) ထဲတွင် အခြား ဥရောပအမှတ်တံဆိပ် မော်တော်ကားများဖြစ်ကြသော Fiat၊ Volvo၊ Land Rover၊ Ferrari၊ Aston Martin၊ Maserati၊ Abarth စသော မော်တော်ကားအမှတ်တံဆိပ်များကို ခင်းကျင်းပြသထားသည်။

အဆိုပါ မော်တော်ကားအမှတ်တံဆိပ်များအနက် ပရိသတ်များ၏ စိတ်ဝင်စားမှုကို အထူးရရှိသော မော်တော်ကားမှာ Fiat ကုမ္ပဏီက ထုတ်လုပ်သည့် Doblo Trekking ကားငယ်ကလေးပင်ဖြစ်သည်။ သွယ်လျသောပုံစံနှင့် ထူးခြားသောရှေ့မျက်နှာစာသွင်ပြင်တို့ကို ပေါင်းစပ်ထားသည့် အဆိုပါကားငယ်ကလေးသည် တံခါးငါးပေါက်ပါ ခုနစ်ယောက်စီး အမျိုးအစားဖြစ်သည်။ သေးငယ်သွယ်လျသည့် ကားပုံစံနှင့်မလိုက်အောင်ပင် လူခုနစ်ယောက် သက်သောင့်သက်သာ စီးနင်းနိုင်သော Fiat Doblo သည် လွန်ခဲ့သောနှစ်ပေါင်းလေးဆယ်ခန့်အချိန်ကတည်းက သေးသွယ်သောကားငယ်ကလေးများ ထုတ်လုပ်မှုပုံစံကို စနစ်တကျပြောင်းလဲနိုင်ခဲ့သည့် Fiat အမှတ်တံဆိပ်၏ ဂုဏ်ဒြပ်ကို ဖော်ပြလျက်ရှိနေသည်။

စွန့်စွန့်စားစား ခရီးကြမ်းသွားလိုသူများအတွက် လက်တွေ့အသုံးဝင်မည့် မော်တော်ကားအမှတ်တံဆိပ်တစ်မျိုးဖြစ်သော Land Rover Defender ကား သုံးစီးကိုလည်း Land Rover ပြခန်း၌ တန်းစီလျက်ပြသထားသည်။ Defender ၏မူဟန်အတိုင်း မျိုးဆက်သစ်အင်ဂျင်များကို တပ်ဆင်ထားပြီး Global Positioning System နှင့်အတူ အာရုံခံကိရိယာအများအပြားကို ထည့်သွင်းတည်ဆောက်တပ်ဆင်ထုတ်လုပ်ထားသည့် Defender ကားများကို ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ကြောင်းကိုလည်း ပြခန်းတာဝန်ခံတို့က အားမာန်အပြည့်ဖြင့် ရှင်းလင်းပြောကြားပေးလျက်ရှိသည်။

Aston Martin မော်တော်ကားပြခန်း၌မူ စွမ်းရည်အလွန်မြင့်မားသော ကားတစ်စီးကို ပြသထားသည်။ Vanquish Carbon Edition ဟုအမည်ပေးထားပြီး ဆလင်ဒါ ၁၂ လုံးပါ V အင်ဂျင် တပ်ဆင်ထားသည့် Coupe အမျိုးအစား ခံ့ညားထည်ဝါသော အဆိုပါ Aston Martin နှစ်ယောက်စီးကားတွင် ၆၀၀၀ စီစီ အရွယ်အစားရှိ ဓာတ်ဆီအင်ဂျင်နှင့်အတူ ဂီယာ ရှစ်ချက်ပါ အလိုအလျောက်အရှိန်ပြောင်းစနစ်ကို ပူးတွဲတပ်ဆင်ပေးထားသည်။

အလားတူပင် Volvo ပြခန်း၌လည်း SUV အမျိုးအစား XC 90 ကားကို ပြသထားသည်။ Volvo ၏ မူဟန်အတိုင်း လူငါးယောက် လွတ်လပ်ချောင်ချိစွာ စီးနင်းအသုံးပြုနိုင်သော အဆိုပါကားသည် ပြပွဲလာပရိသတ်များ၏ စိတ်ဝင်တစားကြည့်ရှုလေ့လာခြင်းကို ခံရသည်။ ယာဉ်မောင်းသူနှင့် ရှေ့ခန်း၌ လိုက်ပါစီးနင်းသူတို့ နှစ်ဦးကြား၌ တပ်ဆင်ထားသည့် Console ၏ ထူးခြားသောပုံစံသည် အဆိုပါကားကို စိတ်ဝင်စားကြခြင်း၏ အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။

Palexpo Convention Complex ၏ ပြခန်းအမှတ် (၅) ထဲ၌ လူငယ်အများစိတ်ဝင်စားကြသော Ford အမျိုးအစား တံခါးနှစ်ပေါက်ပါ GT မျိုးဆက်သစ်ကားတစ်စီးကိုလည်း တွေ့ရှိရသည်။ ဆလင်ဒါခြောက်လုံးတပ် EcoBoost-V အင်ဂျင်ကို တပ်ဆင်ထားပြီး အင်ဂျင်စွမ်းအား မြင်းကောင်ရေ ၆၀၀ ရှိနေခြင်းက ပရိသတ်တို့အတွက် စိတ်ဝင်စားစရာဖြစ်လျက်ရှိနေသည်။

ပြခန်းအမှတ်(၅) ထဲ၌ ပြသထားသည့်မော်တော်ကားများအနက် Maserati နှင့် Abarth စသော မော်တော်ကားအမှတ်တံဆိပ်တို့မှာ မြန်မာနိုင်ငံသားဥရောပနိုင်ငံထုတ် မော်တော်ကားများကို အထူးတလည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ခင်းကျင်းပြသထားခြင်းသည်လည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်လျက်ရှိနေသည်။

ဂျီနီဗာ အပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကျင်းပရာ ပြပွဲခန်းမ (၆) ထဲ၌ ကမ္ဘာကျော်အမှတ်တံဆိပ်များဖြစ်ကြသည့် Peugeot, Mercedes, Infinity စသော မော်တော်ကားများကို အခြားသောအမှတ်တံဆိပ်မော်တော်ကားများနှင့်အတူ ထည်ထည်ဝါဝါ ခင်းကျင်းပြသထားသည်။ ပြင်သစ်အခြေစိုက် ဥရောပကားကုမ္ပဏီကြီးဖြစ်သည့် Peugeot သည် တံခါးလေးပေါက်ပါ Peugeot 208 ပုံစံသစ်ကို ပြသထားသလို မတူကွဲပြားသော ရည်ရွယ်ချက်အမျိုးမျိုးတို့ဖြင့် စီးနင်းအသုံးပြုနိုင်မည့် အခြားသောပုံစံသစ်ကားအများအပြားကိုလည်း ယှဉ်တွဲပြသထားသည်ကို တွေ့ရှိရသည်။

အလားတူပင် မာစီဒီးစ်ပြခန်း၌လည်း အခြားသော မာစီဒီးစ်ပုံစံသစ်များနှင့်အတူ တံခါးလေးပေါက်ပါ C350 Plug-in Hybrid ကားကို ပြသထားသည်။ မြင်းကောင်ရေ ၂၁၁ စွမ်းအားရှိသော ဆလင်ဒါလေးလုံးတပ် ၂၀၀၀ စီစီအရွယ်အစားရှိ အင်ဂျင်နှင့်အတူ မြင်းကောင်ရေ ၈၂ အင်အားရှိသော လျှပ်စစ်မော်တာကို ပူးတွဲတင်ဆပ်ပေးထားသည့် C350 သည် စုစုပေါင်းအင်ဂျင်စွမ်းအား မြင်းကောင်ရေ ၂၉၃ ပမာဏဖြင့် သုညကီလိုမီတာမှ ကီလိုမီတာ တစ်ရာ အမြန်နှုန်းကို ၅ ဒသမ ၉ စက္ကန့်အတွင်း ရောက်ရှိအောင် စွမ်းဆောင်နိုင်သော ကားအမျိုးအစားဖြစ်သည်။

အဆိုပါ မာစီဒီးစ်ပြခန်းထဲ၌ပင် မာစီဒီးစ်၏ အမှတ်တံဆိပ်ခွဲတစ်ခုဖြစ်သော တံခါးလေးပေါက်ပါ Brabus ဆီဒင်ကားကို ပြသထားသည်။ ပြခန်း၌ ပြသထားသည့် အနက်ရောင် Brabus ကားကို မာစီဒီးစ်၏ ရှေးအစဉ်အလာမူဟန်အတိုင်း လွတ်လပ်ပေါ့ပါးစွာ စီးနင်းနိုင်သော နေရာအကျယ်အဝန်း၊ သက်သောင့်သက်သာရှိသော ထိုင်ခုံပုံစံများနှင့် လွယ်ကူချောမွေ့စွာ မောင်းနှင်နိုင်သောစနစ်တို့ကို ပြည့်ပြည့်စုံစုံဖြည့်ဆည်းတပ်ဆင်ပေးထားသည်ကို တွေ့ရှိရသည်။


ပြပွဲခန်းမ (၆) ထဲ၌ ပြသထားသောမော်တော်ကားများအနက် ပရိသတ်များ စိတ်ဝင်စားခြင်းကိုခံရသည့်

❖ ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကျင်းပရာ ပြပွဲခန်းမ (၆) ထဲ၌ ကမ္ဘာကျော်အမှတ်တံဆိပ်များဖြစ်ကြသည့် **Peugeot, Mercedes, Infinity** စသော မော်တော်ကားများကို အခြားသောအမှတ်တံဆိပ်မော်တော်ကားများနှင့်အတူ ထည်ထည်ဝါဝါ ခင်းကျင်းပြသထားသည်။ ပြင်သစ်အခြေစိုက် ဥရောပကားကုမ္ပဏီကြီးဖြစ်သည့် **Peugeot** သည် တံခါးလေးပေါက်ပါ **Peugeot 208** ပုံစံသစ်ကို ပြသထားသလို မတူကွဲပြားသော ရည်ရွယ်ချက်အမျိုးမျိုးတို့ဖြင့် စီးနင်းအသုံးပြုနိုင်မည့် အခြားသောပုံစံသစ်ကားအများအပြားကိုလည်း ယှဉ်တွဲပြသထားသည်ကို တွေ့ရှိရသည်။ ❖

များနှင့် အလွန်စိမ်းသော အမှတ်တံဆိပ်များဖြစ်ကြသော်လည်း ဥရောပကားဈေးကွက်၌ ဈေးကွက်ဝေစုကို အထိုက်အလျောက်ရရှိထားကြပြီးဖြစ်သော မော်တော်ကားများပင်ဖြစ်ကြသည်။

ဂျီနီဗာအပြည်ပြည်ဆိုင်ရာမော်တော်ကားပြပွဲကြီးကို ကမ္ဘာအရပ်ရပ်မှ ပရိသတ်များ အထူးစိတ်ဝင်စားကြခြင်း၏ အကြောင်းရင်းများစွာထဲတွင် သက်တမ်းအလွန်ရှည်ကြာပြီး အစဉ်အလာကြီးမားကြသည့် ကားတစ်မျိုးမှာ Jaguar အမှတ်တံဆိပ် F-Type R ပင်ဖြစ်သည်။ မြင်းကောင်ရေ ၅၅၀ စွမ်းအားရှိသော V8 အင်ဂျင်ကို တပ်ဆင်ထားသည့် F-Type သည် တံခါးနှစ်ပေါက်ပါ Coupe အမျိုးအစားဖြစ်ပြီး လေးဘီးယက်စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ Jaguar ပြခန်းထဲတွင် အဆိုပါ ကားပုံစံတူနှစ်စီးကို ယှဉ်တွဲပြသထားပြီး တစ်စီးမှာ အမိုးဖွင့်ကားဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၅ သန်းရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၅ သန်း ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများ တန်ချိန် ၂၄၁၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း၊ ရေထွက်ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် လေကြောင်းမှ ရေထွက်ကုန်ပစ္စည်း တန်ချိန် ၁၂၀၀၀၀ တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ရေထွက်ကုန်ပစ္စည်းတန်ချိန် ၁၂၁၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံက ရေထွက်ကုန်ပစ္စည်းတွေကို ပုံမှန်ကုန်သွယ်ရေး (Normal Trade) နဲ့ နယ်စပ်ကုန်သွယ်ရေး (Border Trade) လမ်းကြောင်းတွေကနေတစ်ဆင့် ပြည်ပနိုင်ငံတွေကိုတင်ပို့နေပြီး သက်ဆိုင်ရာနိုင်ငံတွေက သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ရောဂါပိုးမွှားတွေ ကင်းရှင်းစေဖို့၊ ပြည်တွင်းက ရေထွက်ကုန်ပစ္စည်းထုတ်လုပ်တင်ပို့မှု လုပ်ငန်းစဉ်တွေကို စနစ်တကျ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။



မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့် ဥရောပနိုင်ငံများအပါအဝင် ရေခြားမြေခြား နိုင်ငံတချို့ကို တင်ပို့နေပြီး တရုတ်၊ ထိုင်းနှင့် အိမ်နီးချင်းနိုင်ငံများသို့ မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ငါး၊ ပုစွန်၊ ကဏန်း စသည့် ရေထွက်ကုန်များ ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ်မူတည်ကာ ပို့ကုန်မလျော့ကျစေရေး ဝယ်ယူနေသည့်နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များ ပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ASH

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၆ ဧကစိုက်ပျိုးမည်

**စစ်ကိုင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၃၁၀၃၆ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစိုက်ဧကများကို နိုဝင်ဘာလ နောက်ဆုံးပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်ကတော့ စစ်ကိုင်းမြို့နယ်မှာ ဂျုံသီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်လဲ ဂျုံ ၃၁၀၃၆ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဂျုံသီးနှံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးသွားမှာပါ"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဂျုံ ၃၁၀၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် ၃၀၀၀၀၀ ခန့်ရှိပြီး တစ်ဧကလျှင် ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့တွင် စိုက်ပျိုးကာ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ထွက်ရှိပြီး စစ်ကိုင်းမြို့နယ်တွင် ဂျုံဖြူသန့်မျိုးကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခုနှစ် ဂျုံသီးနှံစိုက်ပျိုးမည့်တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် တောင်သူများကို ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲမြေဩဇာများ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးထံမှ သိရသည်။

(၂၀၆)

# တာဝန်

\- မြန်ပြည်တွင် နေထိုင်ကြ
စုံလင်စွ သွေးချင်းတွေ၊
တူညီစွာ ဦးတည်ချက်
မပျက်ယွင်းစေ၊
တိုင်းရင်းသား အကုန်ပါပေ
စုံစွာနေ ရှေ့ဆက်လှမ်း၊
ပြည့်မဏ္ဍိုင် မတိမ်းစောင်းအောင်ပ
ထိန်းကျောင်းကြိုးပမ်း။

\- ညီညီညာ နိုင်ဝန်ထမ်းလို့
မညှိုးနွမ်း တို့တိုင်းပြည်၊
အမျိုးအနွယ် ချစ်မြတ်နိုး
သယ်ပိုးရပ်တည်၊
အဖျက်အနှောင့် ရှောင်ကြဉ်မည်
အောင်မြင်သည် တစ်သက်လုံး၊
ချစ်ချစ်ခင် လက်ချင်းမြဲလို့
ယှဉ်တွဲသက်ဆုံး။

\- အကောင်းမြင် သူတော်ထုံးနှင့်
အပြုံးဝင့် အမုန်းရှောင်၊
တိုးတက်ရာ ပြည်အရေး
ရှုတွေးကြံဆောင်၊
ထိန်ဝေမြင့် တင့်တယ်အောင်
ဘုန်းရောင်ရှိန် ဘုန်းတန်ခိုး၊
အာဇာနည်
ဘာမထိ စွမ်းပကားရယ်နှင့်
ဝင့်ကြွားတန်ဖိုး။ ။

**ရာန်လေး(ပညာရေး)**

# နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နမ့်စန် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ မိုင်းစိတ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းစိတ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်းဖြင့် ဝက်မွေးမြူရေးဆောင်ရွက်နေမှုအခြေအနေများ၊ ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိမရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာ၌ အသားတိုးဝက်မွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းဝင် ငါးဦးပါ အစုအဖွဲ့တစ်ဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းထံမှ သိရသည်။

**သံသာ**

# နိုင်ငံတကာ သတင်းများ

## အာဂျင်တီးနားသမ္မတရွေးကောက်ပွဲ၌ လက်ယာယိမ်းဝါဒီ သမ္မတလောင်း ဇာဗီယာမိုင်လေ အနိုင်ရရှိ

**ဗျူနိုစ်အေရိစ် နိုဝင်ဘာ ၂၀**

နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည့် အာဂျင်တီးနားသမ္မတရွေးကောက်ပွဲ၌ လက်ယာယိမ်းနိုင်ငံရေးဝါဒီသမ္မတလောင်း ဇာဗီယာမိုင်လေက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ မဲအားလုံးနီးပါးရေတွက်ပြီးချိန်တွင် ဇာဗီယာမိုင်လေသည် ထောက်ခံမဲရာနှုန်း ၅၅ ဒသမ ၇ ရာခိုင်နှုန်းထိရရှိခဲ့ပြီး အနီးကပ်ဆုံးပြိုင်ဘက် စီးပွားရေးဝန်ကြီး ဆာဂျီယိုမက်ဆာမှာ ၄၄ ဒသမ ၃ ရာခိုင်နှုန်းသာရရှိခဲ့သည်။

အာဂျင်တီးနားရွေးကောက်ပွဲကော်မရှင်က ပဏာမမဲရလဒ်များကို မကြေညာမီမှာပင် စီးပွားရေးဝန်ကြီး ဆာဂျီယိုမက်ဆာက ရွေးကောက်ပွဲအရှုံးရလဒ်ကို လက်ခံကြောင်း ကြေညာခဲ့သည်။

ငွေတန်ဖိုးဖောင်းပွမှုပြဿနာ၊ ဆင်းရဲနွမ်းပါး မြင့်တက်လာမှုပြဿနာများနှင့် အာဂျင်တီးနားနိုင်ငံရင်ဆိုင်နေရချိန်တွင် သမ္မတရွေးကောက်ပွဲ၌ လက်ယာယိမ်းနိုင်ငံရေးခေါင်းဆောင် ဇာဗီယာမိုင်လေ အနိုင်ရခဲ့ခြင်းဖြစ်သည်။

အသက် ၅၃ နှစ်အရွယ် ဇာဗီယာမိုင်လေသည် ဈေးကွက်စီးပွားရေးစနစ်နှင့်ပြည်သူတို့၏နေ့စဉ်ဘဝ၌ အစိုးရပါဝင်စွက်ဖက်မှု အနည်းဆုံးဖြစ်ရေးကို လိုလားထောက်ခံသူတစ်ဦးဖြစ်သည်။

သမ္မတရာထူး ရယူပြီးပါက ဇာဗီယာမိုင်လေသည် အာဂျင်တီးနားနိုင်ငံ၏စီးပွားရေးပြဿနာများကို ဖြေရှင်းရန် ကြိုးစားရတော့မည်ဖြစ်သည်။

ဇာဗီယာမိုင်လေသည် ယခုနှစ်ဒီဇင်ဘာ ၁၀ ရက်တွင် အာဂျင်တီးနားသမ္မတတာဝန်ကို စတင်ရယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ယီမင်အခြေစိုက် ရှီးယိုက်စ်ဟူသီသူပုန်များ ပင်လယ်နီ၌ ကုန်တင်သင်္ဘောတစ်စီးကို ဖမ်းဆီး

**ဂျေရုဆလင် နိုဝင်ဘာ ၂၀**

ယီမင်အခြေစိုက် ရှီးယိုက်စ်ဟူသီသူပုန်များသည် ကုန်တင်သင်္ဘောတစ်စီးကို ပင်လယ်နီဒေသတောင်ပိုင်း၌ ဖမ်းဆီးထားသည်ဟု အစ္စရေးစစ်ဘက်က နိုဝင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဟူသီသူပုန်များ ဖမ်းဆီးထားသည့် ကုန်တင်သင်္ဘောသည် ဂျပန်ကုမ္ပဏီတစ်ခုက စီမံခန့်ခွဲသည့် ဗြိတိသျှ ကုန်တင်သင်္ဘောတစ်စီးဖြစ်ကြောင်း အစ္စရေး၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

သို့သော် ဟူသီသူပုန်အုပ်စုကငင်းတို့ဖမ်းဆီးထားသော သင်္ဘောမှာ အစ္စရေးကုန်တင်သင်္ဘောတစ်စီးဖြစ်ပြီး သင်္ဘောဝန်ထမ်းများကို ကောင်းမွန်စွာ ထိန်းသိမ်းထားသည်ဟု သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂလက်ဆီလီဒါအမည်ရှိ အဆိုပါကုန်တင်သင်္ဘောအား ယီမင်ဟူသီသူပုန်များဖမ်းဆီးထားမှုကို ဂျပန်အစိုးရကလည်း နိုဝင်ဘာ ၁၀ ရက်တွင် အတည်ပြုထားသည်။

အီရန်နိုင်ငံ၏ အဓိကမဟာမိတ်စစ်အုပ်စုတစ်စုဖြစ်သည့် ဟူသီသူပုန်များသည် ဂါဇာအခြေစိုက်ဟားမတ်စ်အုပ်စုနှင့်တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့် အစ္စရေး-ဟားမတ်စ်စစ်ပွဲစတင်ခဲ့သည့်အောက်တိုဘာ ၇ ရက်နောက်ပိုင်း အစ္စရေးနိုင်ငံကို ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်လျက်ရှိသည်။

ပင်လယ်နီ၌ ဂလက်ဆီလီဒါကုန်တင်သင်္ဘောဖမ်းဆီးခံရမှုသည် အီရန်နိုင်ငံ ကြိုးကိုင်စီစဉ်သည့် အကြမ်းဖက်ဝါဒ လုပ်ရပ်ဖြစ်ပြီး နိုင်ငံတကာ ရေကြောင်းလုံခြုံရေးအတွက် အကျိုးဆက်များရှိလာနိုင်ကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

**Ref : RT**
**Trs : KKO**

## တူရကီကုန်တင်သင်္ဘောတစ်စီး ပင်လယ်နက်၌နစ်မြုပ်မှုဖြစ်ပွား ရေယာဉ်ဝန်ထမ်းတစ်ဦးသေဆုံး၍ ၁၁ ဦးပျောက်ဆုံး



**အင်ကာရာ နိုဝင်ဘာ ၂၀**

တူရကီနိုင်ငံ ပင်လယ်နက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်း နိုဝင်ဘာ ၁၉ ရက်က ကုန်တင်သင်္ဘောတစ်စီး နစ်မြုပ်ခဲ့ရာ ရေယာဉ်ဝန်ထမ်းတစ်ဦးသေဆုံး၍ ၁၁ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ကက်ဖ်ကာမီတလာ အမည်ရှိ တူရကီမှတ်ပုံတင် အဆိုပါကုန်တင်သင်္ဘောသည် မုန်တိုင်းတိုက်ခတ်နေစဉ်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟု တူရကီပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရေယာဉ်ဝန်ထမ်း ၁၂ ဦးလိုက်ပါလာသည့် ကက်ဖ်ကာမီတလာ ကုန်တင်သင်္ဘောသည် တူရကီနိုင်ငံမြောက်ပိုင်း ဇန်ဂူလ်ဒက်စ်ပြည်နယ် အာရီဂလီမြို့ကမ်းလွန်ပင်လယ်နက်ရေပြင်အတွင်း နစ်မြုပ်ခဲ့ခြင်း ဖြစ်သည်။

ရေယာဉ်နစ်မြုပ်ပြီးနောက်တစ်ရက် ယနေ့တွင် တူရကီတာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစတင်ခဲ့ရာ ရေယာဉ်ဝန်ထမ်းတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။

ကက်ဖ်ကာမီတလာ သင်္ဘောသည် အာရီဂလီမြို့အနီးရှိ ရေကာတံတိုင်းတစ်ခုဆီသို့ ဦးတည်မျောပါနေကြောင်း ယင်းသင်္ဘော၏ရေယာဉ်မှူးက နိုဝင်ဘာ ၁၉ ရက်တွင်သတင်းပို့ခဲ့ကြောင်း သိရသည်။

ကက်ဖ်ကာမီတလာ ကုန်တင်သင်္ဘောသည် ရေကာတံတိုင်းနှင့်ဝင်တိုက်ခဲ့ပြီးနောက် နစ်မြုပ်ခဲ့ရခြင်းဖြစ်နိုင်သည်ဟု တူရကီပြည်ထဲရေးဝန်ကြီးက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဥတ္တရာခန်းအဝေးပြေးလမ်းဥမင်အတွင်း ပိတ်မိနေသူများထံ ချက်ပြုတ်ပြီးအစားအစာများပေးပို့ရန် အိန္ဒိယကြိုးပမ်းနေ

**ဒေလီ နိုဝင်ဘာ ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာခန်းပြည်နယ် အဝေးပြေးလမ်းမြေအောက်ဥမင်စီမံကိန်းမြေပြိုမှုတွင် ပိတ်မိနေသည့် အလုပ်သမား ၄၁ ဦးတို့အတွက် ချက်ပြုတ်ပြီးအစားအစာများပေးပို့နိုင်ရန် ကယ်ဆယ်ရေးသမားများက ကြိုးပမ်းနေကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပိတ်မိနေသူများထံ ချက်ပြုတ်ပြီးအစားအစာများပေးပို့ရေးအတွက် ကယ်ဆယ်ရေးသမားများက အဝခြောက်လက်မအချင်းရှိပိုက်လုံးကိုထိုးသွင်းနိုင်ရေးအတွက်မြေစာပုံကို တူးဖော်နေသည်။

အိန္ဒိယ ကယ်ဆယ်ရေးသမားများသည် ဥမင်စီမံကိန်းမြေပြိုမှုဖြစ်ပွားခဲ့ပြီးနောက်ပိတ်မိနေသူများထံသစ်စေ့သစ်ဆန်များ၊ ဆန်လှော်၊ မြေပဲလှော်နှင့် အခြားအစာခြောက်များကိုသာ ပေးပို့ထားနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် အိန္ဒိယကယ်ဆယ်ရေး သမားများသည် အဝ အချင်းခြောက်လက်မပိုက်လုံးကိုမြေစာပုံအတွင်းသို့အကွာအဝေး ၄၂ မီတာထိ ထည့်သွင်းထားနိုင်ပြီဖြစ်ရာ မကြာမီအချိန်အတွင်း ပိတ်မိနေသူများထံသို့ ချက်ပြုတ်ပြီးအစားအစာများ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် ပိတ်မိနေသူများ၏မိသားစုဝင်များနှင့် ဆက်သွယ်ရေးအတွက် အဆိုပါပိုက်လုံးကိုသုံး၍ ဖုန်းလိုင်းတပ်ဆင်ပေးရန် အိန္ဒိယတာဝန်ရှိသူများက စီစဉ်ထားသည်။

အဝေးပြေးလမ်းဥမင်မြေပြိုမှုသည်နိုဝင်ဘာ ၁၂ ရက်တွင်ဖြစ်ပွားခဲ့ပြီး လက်ရှိအချိန်ထိ ကယ်ထုတ်ရေးကြိုးပမ်းမှုများသည် အောင်မြင်မှုမရှိသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဖူကူရှီးမားရေဆိုးများတတိယအကြိမ်စွန့်ထုတ်မှု အောင်မြင်စွာပြီးဆုံး

**တိုကျို နိုဝင်ဘာ ၂၀**

ဖူကူရှီးမားနျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပြန်လည်သန့်စင်ထားသော ရေဒီယိုသတ္တိကြွရေများ တတိယအကြိမ်စွန့်ထုတ်မှုလုပ်ငန်းစဉ်မှာ ဘေးကင်းလုံခြုံစွာပြီးဆုံးခဲ့ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

၂၀၁၁ ခုနှစ် မြေငလျင်နှင့် ဆူနာမီကပ်ဘေးကြောင့် အတွင်းပိုင်းအပူလွန်ကဲခဲ့ရသည့် ဓာတ်ပေါင်းဖိုများကို အအေးခံရာတွင် ရေတန်ချိန်ထောင်ပေါင်းများစွာကို ဂျပန်နိုင်ငံက အသုံးပြုခဲ့ရသည်။

ပြန်လည် သန့်စင်ထားသည့် အဆိုပါရေဒီယိုသတ္တိကြွရေဆိုးများကို ဂျပန်နိုင်ငံက ယခုနှစ်ဩဂုတ် ၂၄ ရက်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပထမဆုံးအကြိမ် စတင်စွန့်ထုတ်ခဲ့သည်။



မိမိတို့အနေဖြင့် ဖူကူရှီးမားရေဆိုးများကို တတိယအကြိမ်မြောက်အဖြစ် စွန့်ထုတ်ရာတွင် တန်ချိန် ၇၈၀၀ စွန့်ထုတ်နိုင်ခဲ့ပြီး ယနေ့တွင် တတိယအကြိမ်မြောက်စွန့်ထုတ်မှု အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက စီစဉ်ထားသည်။

ဖူကူရှီးမားရေဆိုးများ သမုဒ္ဒရာရေပြင်အတွင်းစွန့်ထုတ်မှုလုပ်ငန်းစဉ်ကို နှစ်ပေါင်းများစွာ အချိန်ယူလုပ်ဆောင်ရဖွယ်ရှိသည်။

ဖူကူရှီးမား ရေဆိုးများအား ပစိဖိတ်သမုဒ္ဒရာအတွင်း စွန့်ထုတ်မှုကို အကြောင်းပြု၍ ဂျပန်ပင်လယ်စာထုတ်ကုန်များကို တရုတ်နှင့်ရုရှားနိုင်ငံတို့က ပိတ်ပင်ခဲ့ရာ ဂျပန်ရေလုပ်ငန်းဈေးကွက် ထိခိုက်ခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စွမ်းအင်မြင့်မားသည့် စကြဝဠာရောင်ခြည်များက နဂါးငွေ့တန်းကြယ်စုအတွင်းရှိ အာကာသအရင်းအမြစ်များမှ ပေါ်ထွက်လာနိုင်



**ဝါရှင်တန် နိုဝင်ဘာ ၂၀**

စွမ်းအင်မြင့်မားသည့် စကြဝဠာရောင်ခြည်များသည် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ အာကာသအရင်းအမြစ်များမှ ပေါ်ထွက်လာနိုင်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

စကြဝဠာ ရောင်ခြည်များကို စွမ်းအင်ပါဝင်မှုမြင့်မားသည့် ပရိုတွန်နှင့် အီလက်ထရွန်အက်တမ်အောက် စွမ်းအင်မှုန်များဖြင့်ဖွဲ့စည်းထားကြောင်း သိရသည်။

ရှေးယခင်ကပင် နိုင်ငံတကာ ရူပဗေဒပညာရှင်များသည် စကြဝဠာရောင်ခြည်များမှာ နဂါးငွေ့တန်းကြယ်စုပြင်ပမှ ရောက်လာခြင်းဖြစ်ကြောင်း ပြသနေသည့် အထောက်အထားများကို ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ လူဝစ်စီယားနားပြည်နယ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ စကြဝဠာရောင်ခြည်များမှာ နဂါးငွေ့တန်းကြယ်စုအတွင်းရှိ အာကာသနယ်မြေများမှလည်း ပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စကြဝဠာရောင်ခြည်များသည် စူပါနိုဗာကြယ်ပေါက်ကွဲမှု အကြွင်းအကျန်များမှလည်း ပေါ်ထွက်လာနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် နိုင်ငံတကာအာကာသစခန်း၌ တပ်ဆင်ထားသည့် ရေဒီယိုတယ်လီစကုပ်တစ်ခုမှ ရရှိသည့် အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## ပေါ့ပ်အဆိုတော်များ၏အသံကိုတုပ၍ ဂီတသစ်များဖန်တီးနိုင်မည့် အသိဉာဏ်တုနည်းပညာဆော့ဖ်ဝဲကို ယူကျုကုမ္ပဏီ စတင်မိတ်ဆက်

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် ယူကျုကုမ္ပဏီသည် ပေါ့ပ်အဆိုတော်များ၏ အသံကိုတုပ၍ ဂီတသစ်များဖန်တီးနိုင်မည့် အသိဉာဏ်တုနည်းပညာ (အေအိုင်) ဆော့ဖ်ဝဲတစ်မျိုးကိုစတင်မိတ်ဆက်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Dream Track အမည်ရှိအဆိုပါ အေအိုင်ဆော့ဖ်ဝဲကို သုံးစွဲသူများအနေဖြင့် မိမိဆန္ဒရှိသောအဆိုတော်၏အသံဖြင့် မိမိနှစ်သက်ရာဂီတပုံစံကို ရွေးချယ်ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Dream Track အေအိုင်ဆော့ဖ်ဝဲကို You Tube Shorts Application တွင် ရယူနိုင်သည်ဟု ယူကျုကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။




You Tube သုံးစွဲသူများအနေဖြင့် Dream Track အေအိုင်ဆော့ဖ်ဝဲကိုအသုံးပြု၍ ကမ္ဘာကျော် ပေါ့ပ်အဆိုတော် ကိုးဦးတို့၏ အသံများဖြင့် ဂီတသစ်များဖန်တီးနိုင်မည်ဖြစ်ကြောင်း ယူကျုကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

Dream Track အေအိုင်ဆော့ဖ်ဝဲကို ဗြိတိန်နိုင်ငံအခြေစိုက် DeepMind အေအိုင်ကုမ္ပဏီက ၂၀၁၀ ပြည့်နှစ်တွင် ဖန်တီးခဲ့ကြောင်း သိရသည်။

သို့ရာတွင် ယူကျု၏မိခင်ကုမ္ပဏီဖြစ်သည့် ဂူဂဲလ်ကုမ္ပဏီသည် ၂၀၁၄ ခုနှစ်က Dream Track ဆော့ဖ်ဝဲကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖြင့်ဝယ်ယူခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## Starship အာကာသယာဉ် ဒုတိယအကြိမ်စမ်းသပ်မှု စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်ကို ဖက်ဒရယ်လေကြောင်းပျံသန်းမှုအုပ်ချုပ်ရေးအေဂျင်စီ ကြီးကြပ်မည်

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

Space-X ကုမ္ပဏီ၏ Starship အာကာသယာဉ် ဒုတိယအကြိမ်စမ်းသပ်မှု စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်ကို ဖက်ဒရယ်လေကြောင်းပျံသန်းမှု အုပ်ချုပ်ရေးအေဂျင်စီ (အက်ဖ်အေအေ)က ကြီးကြပ်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် နိုဝင်ဘာ ၁၈ ရက်က Starship အာကာသယာဉ်ကို ဒုတိယအကြိမ်စမ်းသပ်လွှတ်တင်ခဲ့ရာ အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံတို့ ပေါက်ကွဲခဲ့ရပြီး မစ်ရှင် အဆုံးသတ်ခဲ့ရကြောင်း သိရသည်။

စူပါဟဲဗီးဒုံးပျံနှင့် Starship အာကာသယာဉ်သည် ကမ္ဘာမြေမျက်နှာပြင်အထက် မိုင် ၉၀ ကျော် အကွာတွင် ရှေ့ဆင့်နောက်ဆင့် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံတို့ ပေါက်ကွဲပျက်စီးခဲ့ရမှုနှင့်ပတ်သက်၍ Space-X ကုမ္ပဏီ၏ စူးစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်ကို ဖက်ဒရယ်လေကြောင်းပျံသန်းမှု အုပ်ချုပ်ရေးအေဂျင်စီကြီးကြပ်မည်ဖြစ်ကြောင်း Space-X ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

Space-X ကုမ္ပဏီသည် ယခုနှစ် ဧပြီလတွင် Starship အာကာသယာဉ်ကို ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

ထိုစဉ်ကလည်း Starship အာကာသယာဉ်နှင့် စူပါဟဲဗီးဒုံးပျံပေါက်ကွဲမှု စုံစမ်းစစ်ဆေးရေးလုပ်ငန်းကို ဖက်ဒရယ်လေကြောင်းပျံသန်းမှု အုပ်ချုပ်ရေးအေဂျင်စီကပင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများကြောင့် သုက်ပိုးကောင်စုစည်းမှုအဆင့် ကျဆင်းလာနိုင်

**နယူးယောက် နိုဝင်ဘာ ၂၀**

စိုက်ပျိုးရေးလုပ်ငန်းသုံးပိုးသတ်ဆေးများကြောင့် ကမ္ဘာတစ်ဝန်းရှိ အမျိုးသားများ၌ သုက်ပိုးကောင်စုစည်းမှုအဆင့် ကျဆင်းလာနိုင်ကြောင်း နိုဝင်ဘာ ၁၉ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဂျော့မေဆင်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပြီးခဲ့သည့်နှစ်ပေါင်း ၅၀ အတွင်း ပြုလုပ်ခဲ့သည့် ဆေးပညာလေ့လာချက်ပေါင်း ၂၅ ခုကို ပြန်လည်သုံးသပ်ခဲ့ကြသည်။

ထွက်ပေါ်လာသည့်ရလဒ်များအရ ကမ္ဘာတစ်ဝန်းရှိ အမျိုးသားများကြား သုက်ပိုးစုစည်းမှုအဆင့် ကျဆင်းလာမှုသည် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေသော ပိုးသတ်ဆေးအုပ်စုနှစ်စုနှင့် ပတ်သက်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Organophosphates နှင့် N-Methyl Carbamtes ခေါ် အထက်ပါ ပိုးသတ်ဆေးများနှင့် အထိအတွေ့များမှုကြောင့် အမျိုးသားများ၌ သုက်ပိုးစုစည်းမှုအဆင့် ကျဆင်းသွားနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့ဖြစ်ရာ အမျိုးသားများ၌ သုက်ပိုးစုစည်းမှုအဆင့် ကျဆင်းမှုကိုလျှော့ချရေးအတွက် ပိုးသတ်ဆေးများနှင့်ထိတွေ့မှုကိုလည်း လျှော့ချပေးရန်လိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမျိုးသားများအနေဖြင့် လုပ်ငန်းခွင်၌သာမက အစားအစာနှင့် ရေမှတစ်ဆင့်လည်း စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများနှင့် ထိတွေ့နေနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကြက်ဥအစား အစေ့အဆန်အစားထိုးစားပါက နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေ လျှော့ချနိုင်

**ဘာလင် နိုဝင်ဘာ ၂၀**

နံနက်စာအဖြစ် နေ့စဉ်ကြက်ဥတစ်လုံး ပုံမှန်စားသုံးမည့်အစား အစေ့အဆန် လက်တစ်ဆုပ်စာမျှ စားသုံးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

ဂျာမနီ သုတေသနပညာရှင်များ၏ အဆိုအရ နံနက်စာအဖြစ် ကြက်ဥတစ်လုံး စားသုံးမှုအစား အစေ့အဆန် ၂၅ ဂရမ်မှ ၂၈ ဂရမ်ထိ အစားထိုးစားသုံးပါက နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်နိုင်ခြေ ၁၇ ရာခိုင်နှုန်းကျဆင်းသွားနိုင်ကြောင်း သိရသည်။

ထို့ပြင် ပြုပြင်စီရင်ထားသည့် အသားများစားသုံးမည့်အစား ပဲအမျိုးမျိုးစားသုံးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၂၃ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။


အလားတူ နေ့စဉ်ကြက်ဥတစ်လုံးစားသုံးမည့်အစား အစေ့အဆန်များစားသုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်ပွားနိုင်ခြေကိုလည်း ၂၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း သိရသည်။

ကြက်ဥတွင်ပါဝင်သော ကိုလက်စထရောများသည် နှလုံးအတွက် အကျိုးမပြုကြောင်း အချို့ဆေးပညာရှင်များက ယုံကြည်ထားပြီး အချို့သုတေသနပညာရှင်များကမူ အထက်ပါအချက်ကိုအတည်ပြုရေးအတွက် လေ့လာမှုများထပ်မံလုပ်ရန်လိုကြောင်း ယူဆထားသည်။

သို့ရာတွင် အစေ့အဆန်များတွင်မူ သွေးအတွင်းရှိ ကိုလက်စထရောများကို ချေဖျက်ပေးနိုင်သည့် ဝိဇ္ဇာသတ္တိများပိုင်ဆိုင်ထားကြောင်း ဂျာမနီ သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဘယ်လ်ဂျီယံအသင်းအတွက် လေးဂိုးသွင်းယူခဲ့သည့် လူကာကူ နိုင်ငံတကာသွင်းဂိုး ၈၃ ဂိုးထိရှိလာ

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၀**

ယူရိုခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘယ်လ်ဂျီယံအသင်းနှင့် အဇာဘိုင်ဂျန်အသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူး လူကာကူက ဘယ်လ်ဂျီယံအသင်းအတွက် လေးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် နိုင်ငံတကာသွင်းဂိုး ၈၃ ဂိုးထိရှိလာခဲ့ပြီး အဆင့်(၇)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတကာ သွင်းဂိုးအများဆုံးကစားသမားအဖြစ် ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒိုက ၁၂၈ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး အီရန်တိုက်စစ်မှူး အလီဒါယီက ၁၀၈ ဂိုးဖြင့်အဆင့်(၂)၊ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီက ၁၀၆ ဂိုးဖြင့် အဆင့်(၃)၊ အိန္ဒိယတိုက်စစ်မှူး ချက်ဟီထရီက ၉၃ ဂိုးဖြင့် အဆင့်(၄)၊မလေးရှားတိုက်စစ်မှူး ဒါဟာရီက ၈၉ ဂိုးဖြင့်အဆင့်(၅)၊ ဟန်ဂေရီတိုက်စစ်မှူး ပူးစကက်စ်က ၈၄ ဂိုးဖြင့်အဆင့်(၆)တွင်ရပ်တည်နေကာ လူကာကူက ၈၃ ဂိုးဖြင့် အဆင့်(၇)နေရာထိရောက်ရှိခဲ့သည်။

ထို့ပြင် လူကာကူသည် လက်ရှိပြိုင်ပွဲ၌ ၁၄ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့ပြီး ယူရိုခြေစစ်ပွဲသမိုင်းတွင် ၂၀၀၈ ခုနှစ်က မြောက်အိုင်ယာလန်ကစားသမား ဟီယာလီနှင့် ၂၀၁၆ ခုနှစ်က ပိုလန်ကစားသမား လီဝမ်ဒေါ့စကီးတို့၏ သွင်းဂိုး ၁၃ ဂိုးစံချိန်ကိုကျော်ဖြတ်၍ ယူရိုခြေစစ်ပွဲစဉ်တွင် သွင်းဂိုး ၁၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာခဲ့သည်။

တိုက်စစ်မှူး လူကာကူသည် အဇာဘိုင်ဂျန်အသင်းနှင့်ပွဲစဉ်တွင် ဘယ်လ်ဂျီယံတိုက်စစ်ကို ဦးဆောင်လာခဲ့ပြီး ပွဲကစားချိန် ၁၇ မိနစ်၊ ၂၆ မိနစ်၊ မိနစ် ၃၀ နှင့် ၃၇ မိနစ်တို့တွင် ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူခဲ့ကာ မိနစ် ၂၀ အတွင်း လေးဂိုးထိ သွင်းယူနိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့သည့်အပြင် အသင်းအနေဖြင့်လည်း ဒုတိယပိုင်း ပွဲချိန် မိနစ် ၉၀ တွင် ထရိုဆာ့ဒ်၏ သွင်းဂိုးတို့ဖြင့် ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- ရင်းနက်အသင်းက ရလဒ်ပိုင်းဆိုးရွားနေသည့် နည်းပြ ဂျင်နီစီယိုကိုထုတ်ပယ်၍ နည်းပြစတီဖန်ကို နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ရန်ပြင်ဆင်နေကြောင်း သိရသည်။
- လူငယ်ကစားသမား အမ်မရီသည် ဂျီဘရော်တာအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင်ရရှိခဲ့သည့် ခြေချင်းဝတ်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်အနားယူရမည်ဖြစ်ကြောင်း ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်က ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့်နိုဝင်ဘာ ၃၀ရက်တွင် စတင်မည့် နယူးယောက်မြို့ လေလံပြိုင်ပွဲတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ တိုက်စစ်မှူး မက်ဆီဝတ်ဆင်ခဲ့သည့်အင်္ကျီများကို ရောင်းချသွားမည်ဖြစ်ပြီး အနည်းဆုံး စတာလင်ပေါင် ရှစ်သန်းကျော်ရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။
- မန်ယူအသင်းက ခံစစ်ကစားသမား တော့ဒ်ဘိုကို ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ဖြင့်ခေါ်ယူရန်ကြိုးပမ်းနေသဖြင့် အပြောင်းအရွှေ့ဖြစ်မြောက်ခဲ့ပါက မိခင်ကလပ်ဖြစ်သည့် ဘာစီလိုနာအသင်းအနေဖြင့် အကျိုးခံစားခွင့် ၂၀ ရာခိုင်နှုန်းရရှိမည်ဖြစ်သည်။ **ML**

# လူငယ်ကွင်းလယ်ကစားသမား ဂါဗီ ပြင်းထန်သည့်ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိကြောင်း စပိန်အသင်းပြောကြား



**မက်ဒရစ် နိုဝင်ဘာ ၂၀**

စပိန်အသင်းနှင့် ဂျော်ဂျီယာအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် စပိန်အသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဒူးဒဏ်ရာရရှိခဲ့သည့် ကွင်းလယ်ကစားသမား ဂါဗီ ဒဏ်ရာပြင်းထန်မှုကြောင့် ကာလရှည်အနားယူရမည်ဟု စပိန်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂါဗီသည် နည်းပြဒီဖူအန်တီ၏ လူစာရင်းတွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်လာခဲ့သော်လည်း ပွဲချိန် ၂၆ မိနစ်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမား ဆန်းစက်နှင့်လူစားလဲခဲ့ရပြီး ဒဏ်ရာကို လိုအပ်သည့်ကုသမှုများပြုလုပ်ခဲ့ရာ ဒဏ်ရာပြင်းထန်မှုကြောင့် ကာလရှည် အနားယူရမည်ဖြစ်ကြောင်း စပိန်အသင်းကအတည်ပြုပြောကြားခဲ့သည်။

စပိန်အသင်းဒေါက်တာ လူးဝစ်စီလာဒါက "ဂါဗီဟာ ပြိုင်ပွဲအတွင်း ညာဘက်ဒူးဒဏ်ရာရရှိခဲ့ပြီး အရွတ်ထိခိုက်မှုရှိခဲ့တယ်လို့ ထင်ပါတယ်။ လက်ရှိမှာတော့ လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်နေတာဖြစ်လို့ အတိအကျပြောလို့မရပါဘူး။ သူ့ဒဏ်ရာကို ကြည့်ရတာတော့ ပြင်းထန်မှုရှိတာကြောင့် အခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမယ်လို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမားဂါဗီသည် ဘာစီလိုနာအသင်းသို့ပြန်လည်ရောက်ရှိနေပြီး ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများထပ်မံပြုလုပ်ခဲ့ရာလာမည့်ရက်ပိုင်းအတွင်း ခွဲစိတ်ကုသမှု ပြုလုပ်မည်ဖြစ်ကာ ခွဲစိတ်မှုပြီးဆုံးချိန်မှသာ မည်သည့်ကာလထိ အနားယူရမည်ကို တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ထားသည်။

ဘာစီလိုနာ ကွင်းလယ်ကစားသမား ဂါဗီသည် လက်ရှိယူရိုခြေစစ်ပွဲအုပ်စုပွဲစဉ်အားလုံး၌ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး သွင်းဂိုး နှစ်ဂိုးသွင်းယူကာ အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ၎င်းအနေဖြင့် အရွတ်ထိခိုက်မှု ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဘုန်းမောက်တိုက်စစ်မှူး ဆိုလန်ကီကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းကြိုးပမ်း

**လန်ဒန် နိုဝင်ဘာ ၂၀**

ဝက်စ်ဟမ်းအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၂ ပွဲတွင် သွင်းဂိုးခြောက်ဂိုးထိသွင်းယူနိုင်ခဲ့သည့် ဘုန်းမောက်တိုက်စစ်မှူး ဆိုလန်ကီကိုလာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလ၌ ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

နည်းပြမိုယက်စ်သည် ဆိုလန်ကီကိုခေါ်ယူရန် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့ရာ ဘုန်းမောက်အသင်းက ပယ်ချခဲ့သဖြင့် ခေါ်ယူခွင့်မရခဲ့သော်လည်း ယခုအခါ ၎င်း၏ခြေစွမ်းပိုင်းကြောင့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ထပ်မံခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ဝက်စ်ဟမ်းအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလက တိုက်စစ်မှူး စကာမက်ကာကို စီးရီးအေသို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီးနောက် တိုက်စစ်ပိုင်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် ယခုနှစ်ပြိုင်ပွဲစုံ၌ တိုက်စစ်ပိုင်းက ဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ဆိုလန်ကီအနေဖြင့် နယူးကာဆယ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူကာ ဘုန်းမောက်အသင်းကို နိုင်ပွဲရှာဖွေပေးခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းက ၎င်းကိုခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းသည် စကာမက်ကာ၏ နေရာတွင် ဒန်နီအင့်ကိုသာ အသုံးပြုနေရသော်လည်း ၎င်းအနေဖြင့် အသက်အရွယ်အရ အကျပိုင်းရောက်လာသောကြောင့် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသဖြင့်လာမည့်အပြောင်းအရွှေ့၌ ဒန်နီအင့်ကို ထွက်ခွာခွင့်ပေး၍ ဆိုလန်ကီနှင့်အစားထိုးမည်ဖြစ်သည်။

တိုက်စစ်မှူး ဆိုလန်ကီသည် ဘုန်းမောက်အသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသည့်အပြင် ဘုန်းမောက်အသင်းတာဝန်ရှိသူများက ရောင်းချရန်အစီအစဉ်မရှိသော်လည်း ကစားသမား၏ သဘောဆန္ဒပေါ် မူတည်နေသောကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် ခေါ်ယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ATP Finals ဗိုလ်လုပွဲစဉ်တွင် ဂျိုကိုဗစ်က ပြတ်သားသည့်ရလဒ်ဖြင့် ဂျန်နစ်ဆင်နာကိုအနိုင်ရရှိကာ ချန်ပီယံဆုဆွတ်ခူး

**တူရင် နိုဝင်ဘာ ၂၀**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က(၆-၃၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ကစားသမား ဘဝသက်တမ်းတစ်လျှောက် ATP Finals တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု ခုနစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ယခုနှစ်တင်းနစ်ရာသီကိုအဆုံးသတ်ခွင့်ရရန်လည်းသေချာခဲ့ပြီး ယခုနှစ်တွင် အအောင်မြင်ဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂျိုကိုဗစ်က "ဒီနှစ်တင်းနစ်ရာသီက ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် အအောင်မြင်ဆုံးတင်းနစ်ရာသီဖြစ်ပါတယ်။ စံချိန်မှတ်တမ်းကောင်းတွေရခဲ့သလို စံချိန်သစ်တွေကိုလဲ တစ်ခုပြီးတစ်ခုရရှိခဲ့တယ်။ အီတလီပရိသတ်တွေရဲ့ တင်းနစ်သူရဲကောင်းအဖြစ် သတ်မှတ်ခံထားရတဲ့ ဂျန်နစ်ဆင်နာလို ကစားသမားမျိုးကို ပြတ်သားတဲ့ရလဒ်နဲ့ အနိုင်ရဖို့ဆိုတာခက်ခဲပါတယ်။ ဒီပြိုင်ပွဲရဲ့ အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံထားရတဲ့ ဂျန်နစ်ဆင်နာဟာ ပြိုင်ပွဲတစ်လျှောက် အံ့အားသင့်ဖွယ်စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့သူလဲဖြစ်တယ်။ဂျန်နစ်ဆင်နာကို ဒီလိုရလဒ်မျိုးနဲ့ အနိုင်ရလိမ့်မယ်လို့ ကျွန်တော်လုံးဝထင်မထားခဲ့ပါဘူး" ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ယခုနှစ်တင်းနစ်ရာသီအတွင်း ဂရန်းစလန်း တင်းနစ်ပြိုင်ပွဲလေးခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲသုံးခုတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**



# မြန်မာအသင်းနှင့်မြောက်ကိုရီးယားအသင်းတို့ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ကစားမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်) ဒုတိယအဆင့် အုပ်စုပွဲစဉ်အတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။





အဆိုပါသတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ မြန်မာအသင်းနည်းပြ ဖိုက်တန်ဘိုင်နာ၊ ဂိုးသမားကျော်ဇင်ဖြိုး၊ မြောက်ကိုရီးယားအသင်းနည်းပြ ဆင်ယောင်နမ်၊ တိုက်စစ်မှူး ဟန်ကွမ်ဆွန်တို့တက်ရောက်ခဲ့ကြပြီး မီဒီယာများ၏ မေးမြန်းမှုများကို အသီးသီးဖြေကြားခဲ့ကြသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲ အခမ်းအနားတွင် မြန်မာအသင်းနည်းပြ ဖိုက်တန်ဘိုင်နာက "ဂျပန်အသင်းနဲ့ပွဲစဉ်အပြီး အပြည့်အဝအနားယူကာ လေ့ကျင့်ပြင်ဆင်မှုတွေလုပ်ဆောင်ထားပါတယ်။မြောက်ကိုရီးယားအသင်းကို ဂျပန်အသင်းပွဲစဉ်က မတူညီတဲ့ပုံစံနဲ့ ကစားသွားမှာပါ။ ဂျပန်အသင်းနဲ့ပွဲစဉ်က ကမ္ဘာ့အဆင့်ကစားသမားတွေပါနေလို့ ခံစစ်ဦးစားပေးကစားခဲ့တာပါ။ အုပ်စုတွင်းက မြောက်ကိုရီးယားနဲ့ ဆီးရီးယားအသင်းတို့က ဂျပန်အသင်းနဲ့ ကွဲပြားခြားနားပါတယ်။ လက်ရှိ မြောက်ကိုရီးယားအသင်းခြေစွမ်းပိုင်းကိုမသိပေမဲ့ အာရှအားကစားပြိုင်ပွဲမှာ ကစားသွားတဲ့ ယူ-၂၄အသင်းကတော့ ကောင်းမွန်ပါတယ်။ ဆီးရီးယားအသင်းနဲ့ကစားခဲ့တဲ့ မြောက်ကိုရီးယားအသင်းရဲ့ ခြေစွမ်းပိုင်းကိုတော့ လေ့လာထားပါတယ်။ ကျွန်တော်တို့မြောက်ကိုရီးယားအသင်းနဲ့ကစားတိုင်း သရေရလဒ်တောင်မရဘူးဆိုပေမဲ့ အခုပွဲစဉ်မှာတော့ အမှတ်ရရှိအောင်ကစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ(အာရှဇုန်) ဒုတိယအဆင့် အုပ်စုပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# The RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို လက်ဗစ်အဘာက် ဆွတ်ခူး

**ဂျော်ဂျီယာ နိုဝင်ဘာ ၂၀**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် စိန့်ဆိုင်မွန်ကျွန်းတွင် ကျင်းပခဲ့သည့် The RSM Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘာက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၉ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။


လက်ဗစ်အဘာက်သည် နောက်ဆုံးနေ့တွင်လည်း တတိယနေ့က စွမ်းဆောင်နိုင်ခဲ့သည့် လက်စွမ်းအတိုင်းစွမ်းဆောင်နိုင်ခဲ့ပြီး သတ်မှတ်ရိုက်ချက်ထက် ကိုးချက်ထိလျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ကနေဒါ ဂေါက်သီးရိုက်ကစားသမား မက်ကင်ဇီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား အဲရစ်ကိုးက တစ်နိုင်ငံတည်းသား ဒွန်ဂန်နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့သည်။

လက်ဗစ်အဘာက်သည် စက်တင်ဘာလက DP World Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဥရောပအသင်း၌ ရွေးချယ်ခံခဲ့ရသည်။

Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ဥရောပအသင်းနှင့်အတူ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ဆွီဒင်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံးဂေါက်သီးရိုက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# ကွင်းအတွင်းပရိသတ်များကျူးကျော်ဝင်ရောက်ရန်ပစ်မှတ်ထားခံနေရသောကြောင့် ဆာလာဟ်က ဆီရီယာလီယွန်အသင်းနှင့်ပွဲစဉ်တွင် စစ်ဘက်လုံခြုံရေးရယူခဲ့ရ

**ကိုင်ရို နိုဝင်ဘာ ၂၀**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ (အာဖရိကဇုန်)ခြေစစ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဆီရီယာလီယွန်အသင်းနှင့် အီဂျစ်အသင်းတို့ပွဲစဉ်၌ ကွင်းအတွင်းပရိသတ်များ ကျူးကျော်ဝင်ရောက်ရန် ပစ်မှတ်ထားခံနေရသည့်အတွက် အီဂျစ်အသင်းတိုက်စစ်မှူး ဆာလာဟ်က စစ်ဘက်လုံခြုံရေးအကူအညီရယူခဲ့ရသည်။

အီဂျစ်အသင်းက ဆီရီယာလီယွန်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ် ပွဲပြီးဆုံးခါနီးအချိန်တွင် ဆီရီယာလီယွန်အသင်း ပရိသတ်အချို့သည် ဆာလာဟ်ကို ပစ်မှတ်ထားပြီး ကွင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြသည့်အတွက် အီဂျစ်အသင်းကစားသမားများကပင် ထိန်းသိမ်းမှုများပြုလုပ်ခဲ့ကြရသည်။

ဆီရီယာလီယွန်အသင်းပရိသတ်အချို့က ဆာလာဟ်ထံပစ်မှတ်ထားပြေးလာမှုများကြောင့် အီဂျစ်အသင်း ကစားသမားများအပြင် ကွင်းလုံခြုံရေးများနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့်အတွက် ပွဲကိုခေတ္တရပ်ဆိုင်းခဲ့ရပြီး အခြေအနေများတည်ငြိမ်မှသာပွဲစဉ်ကိုပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင်လည်း ဆီရီယာလီယွန်အသင်း ပရိသတ်များက ဆာလာဟ်နှင့် အမှတ်တရဓာတ်ပုံရိုက်ခွင့်ရရေးအတွက် ကွင်းအတွင်းသို့ကျူးကျော်ဝင်ရောက်ရန် ထပ်မံကြိုးပမ်းမှုများရှိခဲ့သည့်အတွက် ကွင်းအတွင်း စစ်ဘက်အကူအညီရယူပြီး စစ်သားလုံခြုံရေးများကို ခေါ်ယူခဲ့ရပြီး ပွဲစဉ်အပြီးတွင်လည်း ဆာလာဟ်အနေဖြင့် ဆီရီယာလီယွန်အသင်းပရိသတ်များကြောင့် စစ်သားများ၏ လုံခြုံရေးအကူအညီဖြင့် ထွက်ခွာခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ကမ္ဘာ့ချန်ပီယံဟောင်း ကယ်ယာဖိုင်က ဂျိုနသန်ကို ပထမအချီ၌ပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်

**အင်ဂယ်ဝုဒ် နိုဝင်ဘာ ၂၀**

WBA စူပါဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြိတိန်လက်ဝှေ့သမား ကယ်ယာဖိုင်သည် လစ်လပ်နေသော WBA Inter-Continental ဘင်တန်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲအဖြစ် အမေရိကန်လက်ဝှေ့သမား ဂျိုနသန်နှင့် နိုဝင်ဘာ ၁၉ ရက်က ကယ်လီဖိုးနီးယားပြည်နယ် အင်ဂယ်ဝုဒ်မြို့တွင်ထိုးသတ်ခဲ့ရာ ပထမအချီ၌ပင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကယ်ယာဖိုင်သည် စိတ်ပျက်ဖွယ်ရာအရှုံးဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ပွဲအပြီးတွင် လက်ဝှေ့လောကမှအနားယူရန်ဆုံးဖြတ်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာလရှည်ထိန်းသိမ်းခဲ့ဖူးသည့် ချန်ပီယံဟောင်းတစ်ဦးအနေဖြင့် ပထမအချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့မှုအပေါ် စိတ်ပျက်မိပြီး လက်ဝှေ့လောကတွင် ဆက်လက်ပြီး ကျင်လည်သွားရန် ယုံကြည်မှု မရှိတော့သည့်အတွက် အနားယူရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။

ကယ်ယာဖိုင်သည် ၂၀၀၈ ခုနှစ် အိုလံပစ် အားကစားပွဲတော်တွင် ဗြိတိန်ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး အိုလံပစ်တွင် ဆုတံဆိပ်မရခဲ့သော်လည်း ထူးခြားသည့် စွမ်းဆောင်ရည်များကြောင့် နာမည်ကျော်လက်ဝှေ့ Promoter ဖြစ်သူ အက်ဒီဟန်းက လက်မှတ်ထိုးခေါ်ယူခဲ့ရာမှ ကမ္ဘာ့ချန်ပီယံဖြစ်လာသူဖြစ်သည်။

ကယ်ယာဖိုင်က "ဒီစိန်ခေါ်ပွဲရဲ့ ရလဒ်ဟာ ကျွန်တော့်ရဲ့လက်ဝှေ့သမားဘဝ အဆုံးသတ်သွားစေခဲ့ပါတယ်။ ဒီလိုရလဒ်မျိုးနဲ့ ရှုံးနိမ့်လိမ့်မယ်လို့ထင်မထားခဲ့ပါဘူး။လက်ဝှေ့လောကမှာ ဆက်လက်ကျင်လည်ဖို့ ယုံကြည်မှုမရှိတော့ပါဘူး။ဒီစိန်ခေါ်ပွဲက ကျွန်တော့်ရဲ့ကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်ပါတယ်။ ကစားသမားဘဝက အပြီးတိုင် အနားယူလိုက်ပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် မန်စီးတီးအသင်းနှင့်လီဗာပူးအသင်းတို့ပွဲစဉ်ကို မန်စီးတီးအသင်းတိုက်စစ်မှူး ဟာလန်းပါဝင်ကစားနိုင်ဖွယ်ရှိနေ

**မန်ချက်စတာ နိုဝင်ဘာ ၂၀**

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် ခြေချင်းဝတ်ဒဏ်ရာပြင်းထန်မှုမရှိသည့်အတွက် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ကစားမည့်ပွဲစဉ်ကို ပါဝင်ကစားနိုင်ဖွယ်ရှိနေကြောင်း သိရသည်။



ဟာလန်းသည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကစားခဲ့သည့် နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် နော်ဝေအသင်းနှင့် ဖာရိုးကျွန်းစုအသင်းတို့ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့်အတွက် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ကစားမည့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရန် မရေမရာဖြစ်နေသော်လည်း လက်ရှိတွင် ဒဏ်ရာမှာပြင်းထန်မှုမရှိဘဲ ရက်ပိုင်းမျှအနားယူလျှင် ပြန်လည်သက်သာလာနိုင်သည့်အခြေအနေများကြောင့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရန် အခြေအနေ ကောင်းမွန်နေခြင်းဖြစ်သည်။

ဟာလန်းအနေဖြင့် ဖာရိုးကျွန်းစုအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော်လည်း စကော့တလန်အသင်းနှင့်ကစားခဲ့သည့် ယူရို ၂၀၂၄ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပါဝင်ကစားခြင်းမရှိခဲ့ဘဲ အနားယူခဲ့သည့်အတွက် ဒဏ်ရာမှာပိုမိုသက်သာလာခဲ့ခြင်းကြောင့် လီဗာပူးအသင်းနှင့်ပွဲစဉ်ကိုပါဝင်ကစားနိုင်ရန်နီးစပ်နေခြင်းဖြစ်သည်။

ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၂ ပွဲကစားပြီးချိန်တွင် ၁၃ ဂိုးထိ သွင်းယူထားကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ် မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့သည် အောက်တိုဘာ ၂၅ရက်တွင် မန်စီးတီးအသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

**ပညာကျန်းထော**

# ပရိသတ်ကို ဟောပြောနည်း

**နိဒါန်း**

၁။ စကားပြောတတ်သူဟာ စကားမပြောတတ်သူထက် ဘဝတစ်သက်တာမှာ အများကြီးကွဲပြားကွာခြားတယ်။ အနုပညာလောကမှာ အကကောင်းတဲ့မင်းသား၊ ရုပ်ချောတဲ့မင်းသားတွေထက် **"အပြောကောင်းတဲ့မင်းသား"**ကို ပရိသတ်က ပိုမိုစွဲလမ်းကြတယ်။ **အပြောပညာ** တန်ဖိုးရှိတယ်။

၂။ စကားပြောခြင်းအတတ်ကို ကျွမ်းကျင်တဲ့လူဟာ မန်နေဂျာ၊ သူဌေး၊ အနုပညာရှင်၊ ကုန်သည်၊ ပွဲစား၊ ရှေ့နေ၊ ရဲအရာရှိ၊ စစ်မှုထမ်း၊ ကားမောင်းသူ၊ ဆရာဝန်၊ အင်ဂျင်နီယာ စသဖြင့် ဘယ်တာဝန် ဘယ်နေရာမှာ ရှိနေနေ အခြားလူထက် သာတယ်။ အောင်မြင်တယ်။ လူချစ်လူခင်များတယ်။ စကားပြောတတ်သူက သူတစ်ပါးနဲ့ ဆက်ဆံရေးကောင်းတယ်။ ဆွဲဆောင်နိုင်တယ်။ ပြေပြစ်တယ်။ ဒါကြောင့် အောင်မြင်မှုပိုရတယ်။ ဆက်ဆံရေးကောင်းခြင်းဟာ **"မိတ္တဗလ"**လို့ခေါ်တဲ့ ဗလငါးတန်ထဲမှာပါတဲ့ အရေးကြီးတဲ့အချက်ပါပဲ။ (ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂဆိုတာတွေလည်း **မိတ္တ**လိုပဲ အရေးကြီးကြပါတယ်။) မိမိမှာရှိရမယ့် ခွန်အားတစ်မျိုးပေါ့။

**ရည်ရွယ်ချက်**

၃။ ပရိသတ်ကိုဟောပြောရန် မိမိတာဝန်ကျလာခဲ့ရင် အောင်မြင်ထိရောက်တဲ့ ဟောပြောချက်တစ်ခု ဖြစ်စေရန်အတွက် ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။

၄။ ဘယ်အရာမဆို အရည်အသွေးကောင်းမွန်အောင်၊ တန်ဖိုးရှိအောင်၊ အဆင့်အတန်းမြင့်အောင် အဓိကဘာလိုသလဲဆိုရင် လုပ်ချင်ကိုင်ချင်စိတ်(စိတ်ဝင်စားမှု၊စိတ်အားထက်သန်မှု)နဲ့ လုပ်တတ်ကိုင်တတ်ခြင်း (သိရှိနားလည်ကျွမ်းကျင်မှု) ဒီနှစ်ခု ပြည့်စုံရပါမယ်။

(က) **စိတ်အားထက်သန်မှု** Will

(ခ) **သိရှိတတ်ကျွမ်းမှု** Skill

၅။ စိတ်အားထက်သန်မှ အပင်ပန်းခံပြီး အကြိမ်ကြိမ်အခါခါ နေ့စဉ်ရက်ဆက်၊ မပျက်မကွက် လေ့လာတယ်။ လိုက်နာတယ်။ လေ့ကျင့်တယ်။ ပိုကောင်းအောင် လေ့ကျင့်ခန်းလုပ်ပြီး စံချိန်မြှင့်တင်တယ်။ အလေ့အကျင့်ရှိသူဟာ ဘောလုံးသမားပဲဖြစ်ဖြစ်၊ ရေကူး၊ တင်းနစ်၊ ကြက်တောင်ရိုက်၊ လက်ဝှေ့ စသဖြင့် ဘယ်အားကစားမဆို ကျွမ်းကျင်ထူးချွန် အောင်မြင်သူ ဖြစ်လာတာပဲ။ မလေ့ကျင့်ဘဲ ဘယ်သူမှ မအောင်မြင်ကြပါဘူး။

၆။ နေ့စဉ် အိပ်ရာထ ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့၊ မေတ္တာဘာဝနာပွားများ၊ အိပ်ရာဝင်ခါနီးမှာလည်း အလားတူအလေ့အကျင့်ကို နေ့စဉ်နေ့စဉ် မပျက်မကွက် လုပ်ဆောင်သူဟာ မျက်နှာကြည်လင်တယ်။ ပြုံးရွှင်တယ်။ လူအများကို ဆွဲဆောင်လွှမ်းမိုးနိုင်တယ်။ ဘာကြောင့်လဲ သူမှာ စွမ်းအားကြီးကြီးမားမား ရှိထားတယ်။ အဆက်မပြတ် ဘုရားရှိခိုး၊ သီလယူ၊ မေတ္တာပို့သ၊ မေတ္တာဘာဝနာပွားနေလို့ ငါဟာ သီလပြည့်စုံသူ၊ မေတ္တာပြည့်စုံသူပဲဆိုတဲ့ မိမိရဲ့ မသိစိတ်ထဲမှာ ယုံကြည်ရဲရင့်မှု အပြည့်အဝရှိနေခဲ့လို့ပါပဲ။

၇။ အလေ့အကျင့်ကောင်းရှိခဲ့မှ မိမိကိုယ်ကိုယုံကြည်မှုရှိတယ်။ မိမိကိုယ်ကို တန်ဖိုးထားတတ်မှု၊ ယုံကြည်သက်ဝင်မှုရှိပါမှ ဘာပဲလုပ်လုပ် အဆင်ပြေချောမောပါတယ်။

> ❖ စကားပြောခြင်းအတတ်ကို ကျွမ်းကျင်တဲ့လူဟာ မန်နေဂျာ၊ သူဌေး၊ အနုပညာရှင်၊ ကုန်သည်၊ ပွဲစား၊ ရှေ့နေ၊ ရဲအရာရှိ၊ စစ်မှုထမ်း၊ ကားမောင်းသူ၊ ဆရာဝန်၊ အင်ဂျင်နီယာ စသဖြင့် ဘယ်တာဝန် ဘယ်နေရာမှာ ရှိနေနေ အခြားလူထက်သာတယ်။ အောင်မြင်တယ်။ လူချစ်လူခင်များတယ်။ စကားပြောတတ်သူက သူတစ်ပါးနဲ့ ဆက်ဆံရေးကောင်းတယ်။ ဆွဲဆောင်နိုင်တယ်။ ပြေပြစ်တယ်။ ဒါကြောင့် အောင်မြင်မှုပိုရတယ်။ ဆက်ဆံရေးကောင်းခြင်းဟာ "မိတ္တဗလ"လို့ခေါ်တဲ့ ဗလငါးတန်ထဲမှာပါတဲ့ အရေးကြီးတဲ့အချက်ပါပဲ။ (ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂဆိုတာတွေလည်း မိတ္တလိုပဲ အရေးကြီးကြပါတယ်။) မိမိမှာရှိရမယ့် ခွန်အားတစ်မျိုးပေါ့။ ❖

**သဘောထား**

၈။ မိမိကိုယ်ကို ယုံကြည်ရဲရင့်ပေမယ့် သူတစ်ပါးကိုလည်း လေးစားတယ်။ ကြီးသူကို ရိုသေတတ်ရတယ်။ ပရိသတ် လူအများကိုလည်း ချစ်ခင်လေးစားတဲ့အမြင်နဲ့ မျက်လုံးချင်းဆိုင်ကြည့်ပြီး စကားပြောရမယ်။

၉။ ဂါရဝ ရှိသေထိုက်သူကို အရှိအသေပြုရမယ်။ နိဝါတ မိမိကိုယ်ကို မာန်မာနမထောင်လွှားဘဲ သူတစ်ပါးအပေါ် စေတနာမေတ္တာထားနိုင်ရမယ်။ ခင်မင်ရင်းနှီးစွာ ပြောရမယ်။ ချိုချိုသာသာ၊ ပြုံးရွှင်ကြည်သာ ပြောဆိုရမယ်။ (အော်ကြီး ဟစ်ကျယ် ဒေါ်နဲ့ မာန်နဲ့ ခက်ထန် တင်းမာပြောဆိုတာက မဆွဲဆောင်နိုင်ဘူး) ပရိသတ်ကို မေတ္တာဓာတ်ပို့လွှတ်ထားနိုင်ရင် ကောင်းပါတယ်။ ရှက်စရာမလို၊ ရွံ့စရာမလို၊ မှားလို့လည်း မျက်နှာမပျက်စေနဲ့။ အမှားပါရင် ခွင့်လွှတ်ပါလို့လည်း မတောင်းပန်နဲ့။ ဣန္ဒြေမပျက် ဆက်ပြောသွားပါ။

**အပိုင်းခွဲခြား**

၁၀။ မပြောခင်ကပင် စိတ်ထဲမှာ နိဒါန်းဘယ်လိုဖွင့်မယ်၊ စာကိုယ် ဘာတွေပြောမယ်၊ နိဂုံးကို ဘာနဲ့ ပိတ်မယ်လို့ ပြင်ဆင်ခဲ့ရင် အကောင်းဆုံးပဲ။

၁၁။ **နိဒါန်း**မှာ မိမိဘယ်သူပါဆိုတာ ပရိသတ်သိအောင် မနှေးမမြန် ကြည်ကြည်လင်လင် ပီပီသသ မိတ်ဆက်ရမယ်။ အသံကိုတင်ပြီး အော်မပြောနဲ့။ လေးလေးအေးအေး ငြိမ့်ငြိမ့်စရာကောင်းတဲ့ လေသံမျိုးလည်း ပျော့တွဲတွဲကြီး မဖြစ်စေနဲ့။ ပုံမှန်အနေအထား ရင်းရင်းနှီးနှီးလေသံနဲ့ ပြောတာကောင်းတယ်။

၁၂။ **စာကိုယ်သဘော**မှာ အကြောင်းအကျိုးဆက်စပ်ပြီး စိတ်ကူးပေါ်ရာပြောပါ။ အလေ့အကျင့်များများရှိခဲ့ရင် ကျယ်ကျယ်ပြန့်ပြန့် ကွယ်ကွယ်ဝဝ ပြောပြတတ်မှာပဲ။ အလေ့အကျင့်နည်းရင် ပြောဖို့ရာ အချက်အလက် နည်းပေလိမ့်မယ်။ နည်းတာများတာထက် ဘယ်လိုဟောပြောသလဲဆိုတဲ့ ကိုယ်ဟန်အမူအရာ၊ လေသံ၊ မျက်နှာထား၊ စိတ်အားထက်သန်မှု၊ ဆွဲဆောင်မှုစတဲ့အချက်တွေက အရေးကြီးပါတယ်။

၁၃။ **နိဂုံး** ကတော့ တစ်မိနစ်၊ နှစ်မိနစ်ပေါ့။ မိမိဘာကို နိဒါန်းပျိုးခဲ့ပြီး ဘာတွေ ဘာတွေ ပြောခဲ့ပါတယ်။ ဒါကြောင့် နိဂုံးအနေနဲ့ ဒီလိုတင်ပြပါတယ်ပေါ့။ နိဒါန်းရယ်၊ စာကိုယ်မှာ ပြောခဲ့တာရဲ့ အနှစ်ချုပ်အကျဉ်းလေးရယ် နိဂုံးအဆုံးသတ်မှာ ထည့်ပြောရမယ်နော်။ ဝလုံးရေးသလို အစနဲ့အဆုံးကပြန်ထိပြီးချိတ်မိရမယ်။ နိဒါန်းမပါဘဲ နိဂုံးကပြီးသွားရင် ဝလုံးမဖြစ်တော့ဘဲ သဝေထိုးချော်ထွက်သွားသလို ဖြစ်တတ်တယ်။ သတိထား။ ကိုယ်ပြောရတဲ့ခေါင်းစဉ်အကြောင်းအရာကို နိဒါန်း၊ နိဂုံး ဆက်မိမှ နားထောင်ကြသူတွေက သဘောကျတယ်။

**ကြိုတင်ပြင်ဆင်မှု**

၁၄။ အဝတ်အစားလည်း ခွမ်းခွမ်းကြေကြေ ပေရေတာမျိုးမဖြစ်သင့်၊ လက်ဝတ်လက်စားတောက်ပ များပြားတာလည်းမသင့်၊ သန့်ရှင်းသပ်ရပ်ပြီး တည်ငြိမ်ဣန္ဒြေရမဲ့ အဝတ်အစားမျိုးဝတ်ဆင်သင့်တယ်။

၁၅။ ပြောရမယ့် ပေးထားချက်ခေါင်းစဉ်အားလုံးကိုတော့ ကျပန်းကြုံရာပြောနိုင်အောင် လေ့လာပြင်ဆင်ခဲ့ရမယ်။ ဘာပဲကျကျ အချိန်ရသမျှကို ပျော်ပျော်ရွှင်ရွှင်နဲ့ အချက်အလက်စုံစုံလင်လင် ပြောတတ်အောင် ကိုယ်လုံးပေါ်မှန်ရှေ့မှာ အကြိမ်ကြိမ်ပြောစမ်းလေ့ကျင့်ခဲ့ရင် ကောင်းမယ်။ ကိုယ်လုံးပေါ်မှန်မရှိရင် ဆံပင်ညှပ်ဆိုင်မှာ သွားပြောစမ်းကြည့်၊ ဟန်ပန်၊ လေသံ၊ ပြောဆိုတာ ကြာချိန်တို့ကို ချင့်ချိန်နိုင်စေတယ်။ ဒါဟာ ရှက်စရာ၊ ကြောက်စရာမဟုတ်ပါ။ အလေ့အကျင့်များခဲ့သူက ပိုမိုအောင်မြင်တာတွေ့ကြရလိမ့်မယ်။ အလေ့အကျင့်များများလုပ်ဆောင်ရမယ်ဆိုတာ လက်တွေ့ရဲရဲအသုံးချလိုက်နာပါ။

**လေ့ကျင့်မှု**

၁၆။ ဘလွန်ဒီအော ရွှေဘောလုံးဆု (၈)ကြိမ်တိတိ ဆွတ်ခူးရရှိတဲ့ ကမ္ဘာကျော်ဘောလုံးသမား လီယွန်နယ်မက်ဆီပဲဖြစ်ဖြစ်၊ ခရစ်စတီယာနိုရော်နယ်ဒိုပဲဖြစ်ဖြစ် သူတို့ထူးချွန်အောင်မြင်တာဟာ အဆက်မပြတ်လေ့ကျင့်နေပြီး ပိုကောင်းအောင်၊ ပိုတော်အောင်၊ ပိုမိုကျွမ်းကျင်အောင် လေ့ကျင့်ခဲ့လို့ပါပဲ။ အောင်မြင်ချင်ရင် နေ့စဉ်လေ့လာ၊ လေ့ကျင့်၊ အဆက်မပြတ် ကြိုးစားရပေမယ်။

**နိဂုံး**

၁၇။ စကားပြောခြင်း အတတ်ပညာဆိုင်ရာ စာအုပ်တွေ ပြန်ကြားရေးစာကြည့်တိုက်တွေမှာ ရှိတတ်ပါတယ်။ အဟောအပြောပညာဟာ ဘဝတစ်ခုလုံးအတွက် ဘယ်နေရာ၊ ဘယ်တာဝန်ရောက်ရောက် အကျိုးပြုတဲ့ အသိပညာ၊ အတတ်ပညာတစ်ခုပါ။ တန်ဖိုးကြီးတယ်။ အရေးကြီးတယ်။ ဒါကြောင့် ပေါ့ပေါ့လွယ်လွယ်တော့မရဘူး။ **ရည်ရွယ်ချက်၊ သဘောထား၊ အပိုင်းခွဲခြား၊ ကြိုတင်ပြင်ဆင်၊ လေ့ကျင့်မှု**ဆိုတာတွေ ဖော်ပြ ဆွေးနွေးခဲ့ပါတယ်။ **"မိတ္တဗလ"** ဆက်ဆံရေးကောင်းဖို့ အဓိကအခြေခံပါပဲ။ စိတ်ပါဝင်စားမှု၊ တတ်မြောက် ကျွမ်းကျင်မှုရှိပါစေ။ အလေ့အကျင့်ကောင်းတွေ မွေးမြူလေ့ကျင့်ပြီး မိမိဘဝကို ယုံကြည်ရဲရင့်စွာ မြှင့်တင်လုပ်ဆောင် အောင်မြင်ကြပါစေ။

## မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၁၇ ဧက စိုက်ပျိုးပြီးစီး

**မင်းကင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် နှမ်း ၁၈၉၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၀၁၇ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း မိုးနှမ်းဧက ၁၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မိုးနှမ်းဧက ၁၉၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်တွင် မိုးနှမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၈၉၈၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနှမ်း ၄၈၉၉ ဧက စိုက်ပျိုးရန် လျာထားကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမို ကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကြောင့်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဒါးပိန်ပန်းပုအလုပ်ရုံများမှ ကိန္နရီ၊ ကိန္နရာ ရုပ်လုံးကြွပန်းပုလက်ရာများ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးရှိ ဒါးပိန်ပန်းပုအလုပ်ရုံများမှ ကိန္နရီ၊ ကိန္နရာ ရုပ်လုံးကြွ ပန်းပုလက်ရာများကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူနေသည့် ကျွန်းသားဖြင့် ထုလုပ်ထားသော ကိန္နရီ၊ ကိန္နရာ ရုပ်လုံးကြွ ပန်းပုလက်ရာများမှာ အလျား ၁၈ လက်မ၊ အမြင့် ၃၆ လက်မအရွယ်အစားရှိပြီး ဈေးကွက်အတွင်း တစ်ချပ်လျှင် ငွေကျပ် ၁၈၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

"ဒီနိုဝင်ဘာလထဲမှာ အော်ဒါတက်တာကတော့ အရွယ်အစားကြီး ပန်းပုရုပ်လုံးကြွတွေ အမှာများတယ်။ ရှမ်းပြည်နယ်ဘက်ကလဲ မှာတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်ကလဲမှာတယ်။ အခုလက်ရှိဆို အချပ် ၅၀ လောက် အော်ဒါရထားတာရှိတယ်"ဟု မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ပန်းပုထည်များကို ထုလုပ်ရာတွင် စိတ်ကြိုက်ပန်းပုရုပ်များထုလုပ်ခြင်းထက် ဈေးကွက်မှ မှာယူသည့်အရွယ်အစားပုံစံကိုသာ အဓိကထားထုလုပ်နေရသော်လည်း လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ပန်းပုအပ်ထည်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့က အဓိကမှာယူနေကြကြောင်း သိရသည်။

ASH

# Venom-3 ဇာတ်ကား ရိုက်ကူးရေး ဆိုနီရုပ်ရှင်ကုမ္ပဏီ ပြန်လည်စတင်နေပြီဖြစ်

**နယူးယောက် နိုဝင်ဘာ ၂၀**

ဟောလိဝုဒ်သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများသပိတ်ပြီးဆုံးပြီးနောက် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Venom-3 ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Venom-3 ဇာတ်ကား ရိုက်ကူးရေးပြန်လည်စတင်မှုကို မင်းသား တွမ်ဟာဒီက ရိုက်ကွင်းဓာတ်ပုံတစ်ပုံဖြင့် လူမှုမီဒီယာစာမျက်နှာ၌ အတည်ပြုထားသည်။

Venom-3 ဇာတ်ကားကို ဒါရိုက်တာ ကယ်လီမာဆယ်က တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ပြီး မင်းသား တွမ်ဟာဒီက အဓိကဇာတ်ကောင် အက်ဒီဘရော့အဖြစ် ပြန်လည်ပါဝင်သရုပ်ဆောင်ထားသည်။

လက်ရှိအချိန်တွင် Venom-3 ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား တွမ်ဟာဒီနှင့်အတူ မင်းသား အင်ဒရူးဂါဖီးနှင့် မင်းသမီး ဂျူနိုတမ်ပယ်တို့လည်း ပါဝင်သရုပ်ဆောင်နေကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# ကတ္တီပါမုန်တိုင်း ဇာတ်ကားကို နိုဝင်ဘာလအတွင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်




**ရန်ကုန် နိုဝင်ဘာ ၂၀**

ကတ္တီပါမုန်တိုင်း ဇာတ်ကားကို နိုဝင်ဘာလအတွင်း SKY-PREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို ရိုက်ကူးသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

ကတ္တီပါမုန်တိုင်း ဇာတ်ကားသည် ၂၀၁၈ ခုနှစ်က ရိုက်ကူးပြသထားပြီးဖြစ်သည့် မြန်မာဗီဒီယိုဇာတ်ကားဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မိုးစက်ဝိုင်၊ ဆန်နက်တို့က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သားညီက ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ တစ်ပိုင်းတည်းအပြီး ပြသမဲ့ရုပ်သံဇာတ်လမ်းဖြစ်ပါတယ်။ ဒီဇာတ်ကားလေးက ၂၀၁၈ ခုနှစ်တုန်းက ဗီဒီယိုဇာတ်ကားအနေနဲ့ ရိုက်ကူးပြသပေးထားပြီးဖြစ်သလို SKY-PREMIER HD ရုပ်သံလိုင်းမှာလဲ ၂၀၂၁ ခုနှစ်က ပြသထားခဲ့ပြီးဖြစ်ပါတယ်။ ပရိသတ်အားပေးမှုရခဲ့တဲ့အတွက် နောက်တစ်ကြိမ် ထပ်မံပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

ကတ္တီပါမုန်တိုင်း ဇာတ်ကားတွင် သရုပ်ဆောင် ဇေရဲထက်၊ ဝါဆိုမိုးဦး၊ ရွှေကေသရီ၊ မိုးသူရ၊ နေဆန်း၊ စိုးမိုးကြည်၊ တင်ဇာဝင်းပြည့်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို နိုဝင်ဘာ ၂၂ ရက်၊ နိုဝင်ဘာ ၂၄ ရက်နှင့် နိုဝင်ဘာ ၂၆ ရက်တို့တွင် ည ၉ နာရီ ၄၅ မိနစ်၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Ballad of Songbirds and Snakes ဇာတ်ကား၏ သီတင်းပတ်ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၅၀ ခန့်ရှိနိုင်

**နယူးယောက် နိုဝင်ဘာ ၂၀**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Ballad of Songbirds and Snakes ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ထိရှိနိုင်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။


Lionsgate ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို နိုဝင်ဘာ ၁၆ ရက်တွင် အကြိုပွဲများပြသခဲ့ရာ ထိုနေ့တစ်နေ့တည်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ သန်းထိရရှိထားသည်။

The Ballad of Songbirds and Snakes ဇာတ်ကားကို နိုဝင်ဘာ ၁၇ ရက်က စတင်ရုံတင်ခဲ့ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ ဒစ္စနီး၏ The Marvels ဇာတ်ကားထက် ပို၍ကောင်းနိုင်သည်။

The Ballad of Songbirds and Snakes ဇာတ်ကားသည် ယခင် ရုံတင်ပြသခဲ့ပြီးဖြစ်သည့် The Hunger Games ဇာတ်ကားများ၏ ဇာတ်အိမ်ကာလမတိုင်မီ အဖြစ်အပျက်များကို ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဖရန့်စစ်လောရင့်က ရိုက်ကူးထားပြီး မင်းသား တွမ်ဘလိုက်နှင့် မင်းသမီး ရာချယ်လ်ဇီဂလာတို့ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**




# သီတာလား ကြည်ပြာလား ဇာတ်လမ်းတွဲကို Kyal Da Ghun Entertainment နှင့် NHN YouTube Channel တို့မှ ထုတ်လွှင့်ပြသသွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

သီတာလား ကြည်ပြာလား ဇာတ်လမ်းတွဲကို Kyal Da Ghun Entertainment နှင့် NHN You-Tube Channel တို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း Kyal Da Ghun Entertainment Vid-eo Production ပိုင်ရှင် သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

သီတာလား ကြည်ပြာလား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွင်ဗိုလ်က ရေးသားထားပြီး ဒါရိုက်တာ လွင်ဗိုလ်ကပင် ပုံဖော်ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း၊ ဇာတ်လမ်းတွဲတွင် အပိုင်း (၁၀) ပိုင်းခန့် ပါရှိမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးကိုတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ Kyal Da Ghun Entertainment ကနေ နိုဝင်ဘာလစတုတ္ထပတ်အတွင်းမှာ အခမဲ့ထုတ်လွှင့်သွားမဲ့အပြင် SKY-PREMIER HD ရုပ်သံလိုင်းကလဲ ဒီဇင်ဘာလအတွင်းမှာ ထုတ်လွှင့်သွားဖို့ရှိပါတယ်။ ဒီဇာတ်လမ်းတွဲကတော့ မေတ္တာဖွဲ့ဒရာမာဇာတ်လမ်းတွဲလေးဖြစ်ပါတယ်"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထူးနိုင်၊ နေထက်နိုင်၊ နန်းထက်ထက်အောင်၊ ငြိမ်းနှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Buddha Pujaniya festival to take place at Shwezigon Pagoda


Shwezigon Pagoda in NyaungU.

**NyaungU November 20**

The 946th Buddha Pujaniya festival will be held at Shwezigon Pagoda on a grand scale in NyaungU of Mandalay Region, said U Nyunt Maung, a member of the pagoda board of trustees.

The festival will last from 23 November to 3 December. It will comprise collective market festival in the ground of the pagoda.

"During the period of Tazaungdine Buddha Pujaniya festival, plans are underway to organize Pathana treatise recitation and donation of alms to 714 members of the Sangha from monasteries across the township. On the morning of full moon Tazaungmone, 5,000 oil lamps will be offered to the pagoda in addition to the consecration ceremony," said U Nyunt Maung.

Moreover, offering to 37 spiritual beings will be held as traditional measures of the festival.

Shwezigon Pagoda is located on the bank of Ayeyawady River, southwest of NyaungU, and it is 160 feet high.

ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar manages the largest trade volume with China, Thailand, Singapore within seven months

**Nay Pyi Taw November 20**

The Ministry of Commerce on 17 November stated that Myanmar could trade with 138 customer countries within seven months from April to October in 2023-24 financial year and managed the largest trade volume with China, Thailand and Singapore.

These trading measures were taken with customer countries through maritime and border trade routes with US$8,608.452 million worth of export products and US$9,653.156 million worth of import ones.

In this regard, China trades with Myanmar in taking the first position, followed by Thailand and Singapore.

During the period, Myanmar exported goods worth US$1,744.843 million and imported goods worth 3,327.313 million, totalling US$5,072.156 million.


Yangon international port handling containers.

At the same time, Myanmar-Thai trade volume comprised US$2,250.646 million worth of export goods and US$1,180.349 million worth of import ones, totalling US$3,430.995 million. In trading with Singapore, Myanmar scored US$79.149 million worth of export and US$2,060.778 million worth of import, totalling US$2,139.927 million.

336

# Some 570,000 pieces of coconut flow into Yangon market from Pyapon Township

**Pyapon November 20**

Local farmers from Pyapon Township of Ayeyawady Region sent 570,000 pieces of coconut to Yangon market in October this year, said Daw Aye Su Hlaing, owner of coconut trading in Pyapon.

Local farmers from Pyapon Township distributed 310,000 pieces of coconut to Yangon in September, compared with 570,000 pieces of coconut in October. Coconut traders distribute coconut with shell and without shell to the market.

"We primarily send coconut to Yangon market only. In October, we sold more than 500,000 pieces of coconut. Due to local and foreign demand, we need to distribute coconut to the market. We sell three sizes of coconut to the market of Yangon," she explained.

Coconut from Pyapon Township is distributed to Yangon market by cargo trucks and cargo vessels. At present, prices of coconut reach K62,000 per 100 pieces of coconut. Due to high prices of coconut, local farmers and farm owners can earn increased incomes.

Kyaw Kyaw Lin


A stockpile of coconuts.

# Cooperative societies distribute fertilizers, seeds, pesticides worth more than K5 billion in October

**Nay Pyi Taw November 20**

The Ministry of Cooperatives and Rural Development stated that cooperatives at different levels distributed fertilizers, seeds of crops and pesticides worth more than K5,000 million to local farmers in October of 2023-24 financial year.

The Department of Cooperative sells agricultural inputs to farmers to have easy access of agricultural task for socioeconomic life of the farmers and develop the agricultural sector.

In this regard, 88,782 bags of fertilizer worth K5,078.6 million, six bags of seeds of crops worth K0.222 million and pesticides worth K20.289 million to 10,982 member farmers of 602 cooperative societies from 78 townships.

At present, the government recommends import of necessary inputs for cultivation of crops in time and sells them at cheap prices to farmers.

Moreover, the Urea fertilizer procurement steering committee coordinates with the Myanmar fertilizers, seeds and agricultural drug entrepreneurs association to release reference prices of agricultural inputs once every two weeks.

Currently, the government allowed import of fertilizers and inputs at fair prices to meet the demands of local farmers and imported 492,000 tons of inputs for 34 million acres of crops in 2023-24 financial year.

This financial year, 33.78 million acres of land will be placed under 10 kinds of crops which need 413,000 tons of inputs.

336

# Marketable Myanmar clay works depend on local and foreign market demands


Crockery made of clay for sale at a market.

**Mandalay November 20**

Myanmar handiworks made of clay are marketable due to high demand of local and foreign markets, said Daw Zar Zar Myint, owner of Pyone Pan Tha faily clay-works industry.

Her industry produces some 100 items of Myanmar handworks made of clay. In this regard, the industry exports its works to Thailand via Myawady and Kawthoung.

"Our industry produces new items of clayworks yearly. We sell seasonal clay works such as vases, child toys and other items made of clay. We export some items of clay works to foreign markets. In the country, we distribute various positions of Buddha images, child toys and bird designs to the domestic market," she explained.

Trading of clay works is marketable in a couple of years. Prices of clay works depend on designs and sizes. Some clay works fetch K1,700 to K2,600 per work. The industry sells vases at K400, K500 and then to K2,000 in the domestic market.

185

# Export of fishery products to more than 40 customer countries earns US$375 million in seven months

**Nay Pyi Taw November 20**

Export of fishery products to more than 40 countries pocketed US$375 million within seven months from April to October in 2023-24 financial year, said U Nyunt Win, director of Fisheries Department (Nay Pyi Taw).

Myanmar's fishery products flow into Japan, Middle East countries, European Union countries, Malaysia, Chinese Taipei and Australia as usual. The Myanmar Fisheries Federation and the Department of Fisheries are joining hands in increasing export volume of fishery products to the customer countries.

"We have exported more than 241,000 tons of fishery products to over 40 customer countries within seven months. These export processes use maritime, land border and aviation routes. In this regard, 120,000 tons of fishery products were exported by air and the rest through the land border," he explained.


Fishery products seen in boats being exported.

Myanmar exports fishery products in normal and border trade process to foreign countries. Moreover, export of fishery products follows the prescribed disciplines of relevant countries for ensuring free from diseases and pests.

Moreover, fishery products such as fish, prawn and crab are also exported to Japan and European countries in normal trade and to China, Thailand, and neighbouring countries through Muse, Myawady, Kawthoung, Sittway, Myeik and Maungtaw border trade camps.

ASH

# Mawgyun Township sent more than 98,000 baskets of Kyapyan paddy to Yangon in October

**Mawlamyinegyun November 20**

Mawlamyinegyun Township of Ayeyawady Region could send 98,000 baskets of Kyapyan paddy to Yangon in October, said Daw Ni Ni Win, owner of paddy trading in Mawlamyinegyun Township.

The township could send 72,000 baskets of Kyapyan paddy to Yangon market in September, compared with 98,000 baskets in October. Such strain of paddy is in high demand from Yangon market.

"Mawlamyinegyun Township sends agricultural produce to Yangon market. Kyapyan is high grade one in the paddy trading. As Yangon market raises its demand for Kyapyan paddy, our township sends such a paddy to the domestic market. Now, prices of paddy are still high. Merchants from Yangon contact our local traders to purchase Kyapyan paddy from Mawlamyinegyun Township. Moreover, we sell some low grade paddy to Yangon market," said Daw Ni Ni Win.

Traders from Mawlamyinegyun Township sold K220,000 per 100 baskets of Kyapyan paddy to Yangon. High prices of paddy can help local farmers and those from the paddy trading field have increased incomes and job opportunities.

Kyaw Kyaw Lin

# US Media Acknowledges True Situation in Special Op Zone

**Moscow November 20**

Russia will liberate about 20 percent of the current Ukrainian territory, approaching Kiev, Peter Van Buren, editor at The American Conservative, wrote on Monday.

More and more Western media outlets have acknowledged the true situation on the ground in the special operation zone, realizing the scale of Western propaganda, which has managed to cover it up for almost two years.

It is all the more surprising to see common sense coming from an article in a US media outlet which points out that the conflict itself could have been avoided had it not been for US meddling. Van Buren cites former German Chancellor Gerhard Schroeder, who outright stated the simple fact that: "The only people who could resolve the war over Ukraine are the Americans. During the peace talks in March 2022 in Istanbul, Ukrainians did not agree to peace because they were not allowed to. They had to coordinate everything they talked about with the Americans first. However, nothing eventually happened. My impression is that nothing could happen because everything was decided in Washington."

Now, after almost two years of bragging about the constant supply of "almighty" Western weapons to Ukraine, it is becoming a new trend among US and European journalists to talk about a stalemate in the conflict and peace negotiations.

Sputnik

# S Korea Urges DPRK to Stop Preparations for Satellite Launch

**Seoul November 20**

MOSCOW (Sputnik) - The South Korean military on Monday urged North Korea to immediately stop preparations for another reconnaissance satellite launch attempt, vowing to take "necessary measures" to protect the South Korean people if the call is ignored.

"[We] strongly warn North Korea to immediately stop the 'military reconnaissance satellite' launch, preparations of which are under way. If North Korea goes ahead with the military reconnaissance satellite launch despite our warning, our military will take necessary measures to protect the lives and safety of our people," the South Korean Joint Chiefs of Staff said in a statement.

Seoul is, in particular, considering a partial suspension of a 2018 inter-Korean military agreement in the event North Korea still attempts another launch, South Korean news agency reported. The agreement provides for establishing buffer and no-fly zones near the inter-Korean border to prohibit artillery firing, naval drills and surveillance to prevent possible conflicts between Seoul and Pyongyang.

On Sunday, South Korean Defense Minister Shin Won-sik said that the North could launch the intelligence satellite before Seoul's launch of its domestically produced reconnaissance satellite scheduled for November 30.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## တရုတ်နိုင်ငံက Aman Youyi 2023 စစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာလစတုတ္ထပတ်တွင် ပြုလုပ်မည်



တရုတ်နိုင်ငံသည် ၎င်း၏ရေပိုင်နက်၌ အရှေ့တောင်အာရှ အိမ်နီးချင်းငါးနိုင်ငံနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး Aman Youyi 2023 ရေကြောင်းစစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာလ စတုတ္ထပတ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း နယ်မြေအငြင်းပွားမှုများနှင့်ပတ်သက်၍ တင်းမာမှုမြင့်တက်နေစဉ် တရုတ်နိုင်ငံက စစ်ရေးအရ အပြန်အလှန်ယုံကြည်မှု တိုးမြင့်လာစေရန် ကြိုးပမ်းမှုအနေဖြင့် ယခုကဲ့သို့ ပူးတွဲစစ်ရေးလေ့ကျင့်မှုသတင်း ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

Aman Youyi 2023 ရေကြောင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြမည်ဖြစ်သည်။ တရုတ်နိုင်ငံက ပထမဆုံးအကြိမ်အဖြစ် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုကို ၂၀၁၄ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့ဖူးသည်။

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့်လာအိုတို့သည် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ပထမဆုံးအကြိမ် ပါဝင်လာခြင်းဖြစ်သည်။ တရုတ်သည် ဗီယက်နမ်၊ မလေးရှားနှစ်နိုင်ငံစလုံးနှင့် တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်အငြင်းပွားမှုများဖြင့် တင်းမာမှုများရှိသလို မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံနှင့် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

စစ်ရေးလေ့ကျင့်မှု၏ ရည်ရွယ်ချက်မှာ ပါဝင်သောနိုင်ငံများ၏ မြို့ပြနှင့်ရေကြောင်း အကြမ်းဖက်မှုတန်ပြန်ရေးစွမ်းရည်များမြှင့်တင်ရန်၊ စစ်ရေးအပြန်အလှန် ယုံကြည်မှုနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေကာ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ပူးတွဲထိန်းသိမ်းရန်ဖြစ်သည်ဟု တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"စစ်ရေးလေ့ကျင့်မှုမှာ ပါဝင်ကြမဲ့ တရုတ်တပ်ဖွဲ့ဝင်တွေကို တောင်ပိုင်းစစ်နယ်ဝန်း ကွပ်ကဲမှုဌာနချုပ်ကနေ ထုတ်နုတ်ထားတာဖြစ်ပြီး အခြားတပ်ဖွဲ့တွေအနေနဲ့ မြေပြင်တိုက်ခိုက်ရေးတပ်ဖွဲ့တွေနဲ့ ရေတပ်စစ်သင်္ဘောတွေ အများအပြားပါဝင်ပါတယ်"ဟု အရှေ့တောင်အာရှနှင့် တောင်တရုတ်ပင်လယ်ပြင်နယ်စပ်ကို ကြီးကြပ်ကွပ်ကဲရသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဒေသကွပ်ကဲမှုဌာနချုပ်ထံမှ ပြောကြားချက်ကို ကိုးကား၍ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

တောင်တရုတ်ပင်လယ်ဒေသတွင် အပြန်အလှန်ယုံကြည်မှု အဆင့်မြှင့်တင်ရန်နှင့် တုံ့ပြန်စွမ်းရည်မြှင့်တင်ရန် ရည်ရွယ်၍ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများကြား လုပ်ရိုးလုပ်စဉ် Aman Youyi စစ်ရေးလေ့ကျင့်မှု၏ ပဉ္စမအကြိမ် ပြုလုပ်ဆောင်ရွက်ခြင်းလည်းဖြစ်သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ကွာလာလမ်ပူမြို့တွင် တရုတ်နှင့် မလေးရှားနိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပထမဆုံးအကြိမ် ပြုလုပ်ခဲ့သည်။ ထိုပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အစောင့်အကြပ်၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးနှင့်စားပွဲတင်လေ့ကျင့်မှုများမှတစ်ဆင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်ပတ်သက်ပြီး အဓိကထား လေ့ကျင့်ခဲ့သည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

၂၀၁၆ ခုနှစ်တွင် လေ့လာသူအဖြစ် ပါဝင်ခဲ့သည့် ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခဲ့သည်။ ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့သည့် အကြီးမားဆုံးသော စစ်ရေးလေ့ကျင့်မှုတွင် တရုတ်၊ မလေးရှား၊ ထိုင်း နိုင်ငံသုံးနိုင်ငံမှ တပ်ဖွဲ့ဝင် ၁၂၂၅ ဦး၊ စစ်သင်္ဘော လေးစီး၊ သယ်ယူပို့ဆောင်ရေးလေယာဉ် သုံးစင်းနှင့် ရဟတ်ယာဉ် သုံးစင်းတို့ကို တပ်ဖြန့်ချထားခဲ့သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အသစ်ဝင်ရောက်လာသည့် သုံးနိုင်ငံဖြင့်ပေါင်းပါကယခုနှစ်တွင်ပါဝင်သည့် နိုင်ငံအရေအတွက်သည် နှစ်ဆတိုးခဲ့သည်။ အဆိုပါ နိုင်ငံခြောက်နိုင်ငံသည် မေလက လေ့ကျင့်မှုအသေးစိတ်နှင့်ပတ်သက်သည့် ကနဦးစီမံကိန်း အစည်းအဝေးကျင်းပခဲ့ပြီး ဩဂုတ်လတွင် နောက်ဆုံးအစီအစဉ် ရေးဆွဲရေးတွေ့ဆုံမှုပြုလုပ်ခဲ့သည်။

**China will host 6-nation 'Aman Youyi' army drills to 'deepen trust' with Southeast Asia as disputes roil South China Sea ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က လေကြောင်းရန်ကာကွယ်ရေးစစ်ဆင်ရေးသုံး အပေါ့စားဖရီးဂိတ်စစ်ရေယာဉ်တည်ဆောက်



တရုတ်(တိုင်ပေ)သည် ရေတပ်စီမံကိန်းတစ်ခုအတွက် လေကြောင်းရန်ကာကွယ်ရေး စစ်ဆင်ရေးသုံးအပေါ့စား ဖရီးဂိတ်စစ်ရေယာဉ် စတင်တည်ဆောက်ခဲ့ကြောင်း တရုတ်(တိုင်ပေ)အစိုးရက နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ www.navyrecognition.com သတင်းဌာနက ထပ်ဆင့်ကိုးကားဖော်ပြခဲ့သည်။

အပေါ့စားဖရီးဂိတ် စစ်ရေယာဉ်တည်ဆောက်ခြင်းသည် ပြည်တွင်း၌သင်္ဘောတည်ဆောက်ရေးအစီအစဉ်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး ဒီဇိုင်းအတွက် အမေရိကန်ကုမ္ပဏီ Gibbs & Cox နှင့် တရုတ်(တိုင်ပေ) CSBC ကော်ပိုရေးရှင်းတို့ ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်ရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် လေကြောင်းရန်ကာကွယ်ရေး (AAW)စစ်ဆင်ရေးသုံးစစ်ရေယာဉ်တစ်စီးနှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး(ASW)စစ်ဆင်ရေးသုံး စစ်ရေယာဉ်တစ်စီးတို့ တည်ဆောက်နိုင်ရေး ရည်မှန်းထားသည်။

ထိုင်ဝမ်ရေလက်ကြားနှင့် ၎င်း၏အစွန်အဖျားကျွန်းများအနီးရှိ တရုတ်(တိုင်ပေ)နိုင်ငံ၏ ရေပိုင်နက်၊ ဝေဟင်ပိုင်နက်တို့ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ရည်ရွယ်၍ ဒီဇိုင်းထုတ်လုပ်ထားသော အပေါ့စားဖရီးဂိတ် စစ်ရေယာဉ်များသည် တန်ချိန် ၂၅၀၀ မှ ၃၀၀၀ ထိ အလေးချိန်ရှိမည်ဖြစ်သည်။ စုစုပေါင်းဘတ်ဂျက်အသုံးစရိတ်ခွဲဝေရရှိမှု ထိုင်ဝမ်ဒေါ်လာ ၂၄ ဒသမ ၅၄၉ ဘီလီယံဖြင့် စီမံကိန်းကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၆ ခုနှစ်တွင် အပြီးသတ် အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

အဆိုပါတည်ဆောက်မှုတွင် အမေရိကန် ကာကွယ်ရေးစက်မှုလုပ်ငန်းအဖွဲ့ Leidos လက်အောက်ခံကုမ္ပဏီဖြစ်သည့် Gibbs & Cox က ဒီဇိုင်းပိုင်းကို တာဝန်ယူထားပြီး ဆောက်လုပ်ရေးပိုင်းကို တရုတ်(တိုင်ပေ) CSBC ကော်ပိုရေးရှင်းက တာဝန်ယူ ဆောင်ရွက်နေသည်။

အဆင့်မြင့် စွမ်းဆောင်ရည်များအနေဖြင့် အဆိုပါအပေါ့စားဖရီးဂိတ် စစ်ရေယာဉ်များတွင် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များနှင့် အကွာအဝေးစွမ်းဆောင်ရည်တိုးမြှင့်ထားသော ER (Extended-Range) စူပါဆောနစ် သင်္ဘောဖျက်ဒုံးကျည်များ တပ်ဆင်သွားမည့်အပြင် တရုတ်(တိုင်ပေ)ပြည်တွင်းထုတ် Sea Sword II လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များနှင့် Hsiung Feng III စူပါဆောနစ် သင်္ဘောဖျက်ဒုံးကျည်များလည်း ပါဝင်သည်။

၎င်းတို့တွင် BAE Systems ထုတ် ARTISAN 3D ရေဒါတပ်ဆင်အသုံးပြုထားပြီး သေးငယ်သောအရာဝတ္ထုများကိုပင် ထောက်လှမ်းနိုင်စွမ်းရှိမည်ဖြစ်ကာ အကွာအဝေး ၂၅ ကီလိုမီတာ အကွာအတွင်း ပစ်မှတ်များကို ထိထိရောက်ရောက်ခြေရာခံထိန်းချုပ်နိုင်မည်ဖြစ်သည်။ ARTISAN 3D ရေဒါသည် မတူညီသော လေထုအလွှာများရှိ ပစ်မှတ် ၉၀၀ ကျော်ကို တစ်ပြိုင်နက်တည်း စောင့်ကြည့်ထောက်လှမ်းနိုင်ပြီး မိုဘိုင်းလ်ဖုန်းအချက်ပြမှု ၁၀၀၀၀ နှင့်ညီမျှသော အနှောင့်အယှက်လှိုင်းနှုန်းများအပေါ် တန်ပြန်တုံ့ပြန်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော ဩစတြေးလျနိုင်ငံရှိ 2023 Indo-Pacific Maritime Expo ပြပွဲတွင် Gibbs & Cox ကုမ္ပဏီ၏ AUSLF ကင်းလှည့်စစ်ရေယာဉ်ဒီဇိုင်းကို ထုတ်ဖော်ပြသခဲ့ခြင်းသည် တရုတ်(တိုင်ပေ)၏ အပေါ့စားကင်းလှည့် ဖရီးဂိတ်စစ်ရေယာဉ်များ၏ အနာဂတ်အလားအလာကို အရိပ်အမြွက်ဖော်ပြခဲ့ခြင်းလည်းဖြစ်သည်။

**Taiwan starts construction of anti air warfare AAW light frigate ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၂ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌မြေပဲ ၁၃၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၈၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၈၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲဧက ၁၈၁၀ စိုက်ပျိုးဖို့လျာထားတာ ၁၃၈၂ ဧက စိုက်ပျိုးပြီးပါပြီ။ မြေပဲဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်။ မြေပဲစိုက်ပျိုးမှုက တော့ မိုးသီးနှံစိုက်ပျိုးရာသီထက် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အများဆုံး စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်တောင်သူများ မိုးမြေပဲ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် သပြေသာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တပ်ကုန်းမြို့နယ် သပြေသာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်း၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်ရွှေနှင့် တာဝန်ခံအင်ဂျင်နီယာများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ သပြေသာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



သပြေသာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကျောက်ရောမြေခင်းခြင်း၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၆၅၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် တောကြီးမြိုင်ကြီးကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်းပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၆ အိမ်မှ လူဦးရေ ၁၂၃ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမြေဧကများမှထွက်ရှိသော ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူသူ**

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧကလျာထား စိုက်ပျိုးသွားမည်ဖြစ်ရာ အဆိုပါစိုက်ဧကများကို ယခုနှစ် ဒီဇင်ဘာလဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၂၆၉၈ ဧက လျာထားစိုက်ပျိုးမှာဖြစ်တယ်။ စားဖိုဆောင်သီးနှံတွေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေပြင်ဆင်နေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့ ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ သက်ဆိုင်ရာဌာနတွေကလဲ လိုအပ်သလိုချိတ်ဆက်ကူညီပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသွားမည့် စားဖိုဆောင်သီးနှံများမှာ နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ မုန်လာ၊ ဥစားပိန်း၊ ငရုတ်၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါး၊ သခွား၊ ရုံးပတီ စသည့်သီးနှံများဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးသွားမည့် စားဖိုဆောင်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေး ကောင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၁၁-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဒီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၆/ ၂၀၂၃)**
၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)

### ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၅)ရပ်ကွက် အောင်သုခလမ်း တိုက်(၁၀၀/၁၀၁) အခန်း(၁၀၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)**ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)**၏မှတ်ပုံတင်အမှတ်မှာ (၄၁) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၇/ ၂၀၂၃)**
၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)

### လေဘာပါတီ (Labour Party)ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၁)ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့် အမှတ်(၃၃/၄၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လေဘာပါတီ(Labour Party)**ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လေဘာပါတီ(Labour Party)**၏ မှတ်ပုံတင်အမှတ်မှာ (၄၂) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၄၈/ ၂၀၂၃)**
၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်
(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ်(၁၉)၊ ၃၀-၅-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ်(၂၄/၂၀၂၃)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့သည်။

၂။ **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ (စ)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် ၃၀-၅-၂၀၂၃ ရက်မှ ၂၇-၈-၂၀၂၃ ရက်ထိ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို ဥပဒေသတ်မှတ်ချက်အတိုင်း စည်းရုံးမှုမပြုနိုင်ခြင်း၊ ပါတီဝင်အင်အား ပြည့်မီရေးအတွက် ၃၁-၁၀-၂၀၂၃ ရက်နောက်ဆုံးထား၍ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့သော်လည်း သတ်မှတ်ချက်နှင့် ကိုက်ညီသော အင်အားစာရင်းအား တင်ပြနိုင်မှု မရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၉)ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေသောကြောင့် ၂၀-၁၁-၂၀၂၃ ရက်၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၃၂/၂၀၂၃)တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



**နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံ ဆက်လက်လွှဲပြောင်းပေးအပ်စဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၉၈၂ ဦး၊ အမျိုးသမီးဦးရေ ၆၀ စုစုပေါင်း ၁၀၄၂ ဦးတို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း တရုတ်နိုင်ငံသား အမျိုးသား ၁၉၁၇ ဦး၊ အမျိုးသမီး ၁၄၂ ဦး၊ စုစုပေါင်း ၂၀၅၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုရီအား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်နိုင်ကြောင်း ဖိတ်ခေါ်

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၃ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်သည်။ ဆောင်းပါးပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့ကိုယ်တိုင်ရေးသားထားသည့် ဆောင်းပါးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄နှင့် E-mail-vulnerable group.dor@gmail.com တို့ထံ ဆက်သွယ်၍ နိုဝင်ဘာ ၂၄ ရက် သောကြာနေ့ ညနေ ၄ နာရီထိ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း အသိပေးအပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

နည်းပြများ၊ အားကစားဝါသနာရှင်များနှင့် ဧည့်ပရိသတ်များ စုစုပေါင်း ဦးရေ ၄၃၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်ကြီးကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး အားကစားအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သရုပ်ပြအဖွဲ့များက ကဗျာလွတ်အက၊ ကိုယ်လက်ကြံ့ခိုင်ရေးအတွဲ- ၃၊ ၄၊ မြန်မာ့သိုင်းအက၊ Fitness Dance အကတို့ဖြင့် သရုပ်ပြတင်ဆက်ပြသမှုများနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"နိုင်ငံတော်ကို အမုန်းတကယ်ချစ်မြတ်နိုးသူများ"** ခေါင်းစဉ်ဖြင့် ၂၂-၁၁-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မရိုးနိုင်တဲ့ ဘဏ်ကောလာဟလ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၂) **ရှေ့စုံးမှအဆက်**

ပြုလုပ်ခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှုရပ်တန့်ခဲ့ရသည်။

ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ အရေးပေါ် ကျန်းမာရေးကိစ္စများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ဆုံးရှုံးနစ်နာမှုများစွာ တွေ့ကြုံခဲ့ရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ လမ်းပိတ်ဆို့ဖျက်ဆီးထားသည့် နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၆ ရက်မှစ၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ကာ အတားအဆီးများကို တစ်ဆင့်ပြီးတစ်ဆင့် ဖယ်ရှားရှင်းလင်း၍ အများပြည်သူ အဆင်ပြေချောမွေ့စွာ ပြန်လည်အသုံးပြုသွားလာနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများ ပိတ်ဆို့ဖျက်ဆီး ထားသည့်နေရာ ၁၂ နေရာတို့ကို ပြန်လည် ဖယ်ရှားရှင်းလင်းပေးနိုင်ခဲ့ပြီး ကျောက်မဲမြို့ ယခုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အထိ ပုံမှန်အတိုင်းသွားလာနိုင်ပြီးဖြစ်ကာ အဆိုပါ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ကျန်ရှိသည့် နေရာများကိုလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြု သွားလာနိုင်ရေးအတွက် ဆက်လက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးများကို ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးထားသည့် ဂုတ်တွင်းရှမ်းသာလမ်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်း မဆောင်ရွက်မီတွေ့ရစဉ်။



TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်း ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။





နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာအနီးတွင် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်းများဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။



နောင်ချိုမြို့နယ် လယ်ကျင်းကွေ့ကျေးရွာအနီးတွင် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်း မဆောင်ရွက်မီတွေ့ရစဉ်။



နောင်ပစ်လမ်းခွဲနှင့် နောင်ပိန်းအကြား TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက သစ်ပင်ကြီးများခုတ်လှဲ၍ လမ်းပိတ်ဆို့ထားရှိမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းနေမှုကို တွေ့ရစဉ်။



နောင်ပစ်လမ်းခွဲနှင့် နောင်ပိန်းအကြား TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ လမ်းပိတ်ဆို့ဖျက်ဆီးထားရှိမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



နောင်ချိုမြို့နယ် လယ်ကျင်းကွေ့ကျေးရွာအနီးတွင် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ ပိတ်ဆို့ဖျက်ဆီးထားသည့်လမ်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။



TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ပြည်သူများသွားလာသည့်လမ်းကို ဖျက်ဆီးထားမှုကြောင့် လူနာများအား ခက်ခက်ခဲခဲသယ်ဆောင်သွားလာရမှုကို တွေ့ရစဉ်။





နောင်ပစ်လမ်းခွဲ၌ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မြေဖြတ်ကျင်းများတူး၍ ဖျက်ဆီးထားရှိမှုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရှင်းလင်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# (၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပပြုလုပ်



(၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

(၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစု များ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲ အမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ မသန်စွမ်းအားကစားပြိုင်ပွဲ၌ ပထမရရှိသောအသင်းကို တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား၊အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ယနေ့အထိယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသားအမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် အမျိုးသား၊ အမျိုးသမီး လူသစ်တန်း ကီလို ၆၀ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် နိုဝင်ဘာ ၂၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းထားသောဒံပေါက်ထမင်းဘူးများကို တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။




**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်း၊ ကျန်းမာပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းထားသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

# အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ ထွက်ပေါ်နေသော ကောလာဟလသတင်းများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့်အခြေအနေများ၊ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသားများကို တရုတ်နိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးမှု အခြေအနေများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားမှုအခြေအနေများနှင့် နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက်ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ အခြေခံပညာကျောင်းတွေနဲ့ပတ်သက်ပြီး ကောလာဟလများ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ တချို့သောမြို့နယ်တွေမှာ အခြေခံပညာကျောင်းတွေနဲ့ပတ်သက်ပြီး ကျောင်းပိတ်ရမယ့် အခြေအနေရှိတယ်၊ ကျောင်းပိတ်မယ်ဆိုတာမျိုးတွေကို ကောလာဟလထုတ်လွှင့်နေတာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး မည်သည့်ကျောင်းမှ ပိတ်တာမရှိပါဘူး။ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်သွားမယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဒါတွေကို ကျွန်တော်မနေ့ကပြောခဲ့သလိုမျိုး နိုင်ငံတော်ရဲ့ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍတွေကို ထိခိုက်ပျက်စီးစေလိုတဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေက ကောလာဟလထုတ်လွှင့်နေတာပဲ ဖြစ်ပါတယ်။ တက်ရောက်ပညာသင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ စိတ်အေးချမ်းသာစွာ ဆက်လက်ပညာသင်ကြားကြဖို့ ပြောကြားလိုပါတယ်။ ဒါ့ပြင် ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်၊ ကောလိပ်တွေကိုလည်း ဒီလ ၂၃ ရက်မှာ ပြန်ဖွင့်မှာဖြစ်ပါတယ်။ ၁၆ ရက်ကနေစပြီး ကျောင်းအပ်လက်ခံနေပြီဖြစ်ပါတယ်။လက်ခံတဲ့နေရာမှာ အရင်နှစ်ကထက် ပိုမိုလက်ခံရရှိကြောင်း တွေ့ရပါတယ်။ ဒီကြားထဲမှာတော့ နိုဝင်ဘာ ၁၃ ရက်မှာ အဝေးသင်စာမေးပွဲတွေဖြေဆိုရမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ လုံခြုံရေးအခြေအနေအရ လှိုင်ကော်နဲ့ ကသာမှာပဲ ဖြေဆိုလို့မရခဲ့တာ ရှိပါတယ်။ အဲဒီဒေသတွေမှာ စာမေးပွဲတွေကို ဆိုင်းငံ့ထားပြီးတော့ ပြန်လည်ဖြေဆိုသွားမှာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်လာတဲ့ တရုတ်နိုင်ငံသားတွေကို ထပ်မံလွှဲပြောင်းမှု ပြုလုပ်ခဲ့ပါတယ်။ ဒီနေ့မှာတော့ တရုတ်နိုင်ငံသား အမျိုးသား ၉၈၂ ဦး၊ အမျိုးသမီးဦးရေ ၆၀၊ စုစုပေါင်း ၁၀၄၂ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အောင်မြင်စွာလွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၂၀ ရက်ထိ အမျိုးသား ၁၉၁၇ ဦး၊အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၂၀၅၉ ဦးကို လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။


ဗိုလ်ချုပ်ဇော်မင်းထွန်း (သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ထိတွေ့တိုက်ပွဲအခြေအနေများ အနေနဲ့ကတော့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသမှာတော့ နမ့်ခမ်းမြို့ထဲကို ကျွန်တော်တို့ လုံခြုံရေးပြန်လည်ရရှိရေး ဆောင်ရွက်နေတဲ့နေရာမှာ ထိတွေ့တိုက်ပွဲတချို့ရှိခဲ့ပါတယ်။ တာမိုးညဲနဲ့ နမ့်စလပ်မှာတော့ Drop Bomb တွေနဲ့လာပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ သိန်းနီဘက်မှာတော့ မြို့ထဲမှာလုံခြုံရေးပြန်လည်ရရှိရေးအတွက် စိုးမိုးမှုပြန်လည်ရရှိရေး ကျွန်တော်တို့ဆောင်ရွက်နေပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ လွိုင်ကော်ရဲ့ အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲတချို့ ဖြစ်ပွားခဲ့တာရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မနေ့ကလိုပဲ ထရွန်အိုင်နဲ့ နှန်းဘူးစခန်းတွေကို လာရောက်ပစ်ခတ်တာရှိပါတယ်။အဲဒီမှာ တပ်မတော်သားတွေအနေနဲ့ရှုပ်ရှုပ်ချွံချွံ ပြန်လည်ခုခံပြီး ပြန်လည်ချေမှုန်းခဲ့တဲ့အတွက် ရန်သူဘက်မှာအကျအဆုံးများစွာရှိခဲ့ပါတယ်။ ဒဏ်ရာရမှုများစွာရှိခဲ့တယ်လို့ ကျွန်တော်တို့သိခဲ့ရပါတယ်။ ဒီနေ့မှာ ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ ကောလာဟလသတင်းတွေကို အချိန်ကိုက်ထုတ်လွှင့်နေတာရှိပါတယ်။ ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ဖျက်မီဒီယာများနဲ့ ပူးပေါင်းပြီး ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ စီးပွားရေးအရ စက်သုံးဆီကဏ္ဍကို တိုက်ခိုက်ခဲ့တာရှိပါတယ်။ ဘဏ်လုပ်ငန်းတွေကို တိုက်ခိုက်ခဲ့တာရှိတယ်။ အခုပညာရေးကဏ္ဍကို တိုက်ခိုက်တဲ့နေရာမှာတော့ ကောလာဟလဆိုတာထက် ကျောင်းတွေမှာ တီးတိုးဝါဒဖြန့်တဲ့ပုံစံမျိုးဖြစ်ပြီး ပြီးမှကောလာဟလဖြန့်တဲ့ပုံစံမျိုးနဲ့ ကျောင်းတွေပိတ်မယ်ဆိုတာမျိုးတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောကြားလိုတာကတော့ ကျွန်တော်တို့ပြည်သူလူထုအနေနဲ့၊ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့၊ မိဘတွေအနေနဲ့ မိမိတို့နိုင်ငံရဲ့အနာဂတ်၊ ကျောင်းသား၊ ကျောင်းသူတွေရဲ့အနာဂတ်ကို လာရောက်ထိခိုက်စော်ကားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအဖျက်သမားတွေကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနဲ့ အားလုံးပူးပေါင်းပြီးတော့ ချေမှုန်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံး ကိုကျေးဇူးတင်ပါတယ်။

## နိုဝင်ဘာ ၂၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၇၁၆၆ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ဝ၃ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "နှင်းဝေသီ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ အမှတ်(၃)ရပ်ကွက်နေ နှင်းဝေသီကို ည ၇ နာရီတွင်လည်းကောင်း၊ "Mee Chaw Lay" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁၉) ရပ်ကွက်နေ ချောအိဟန်ကို ည ၈ နာရီခွဲတွင်လည်းကောင်း၊ "Bo Bo Thein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁)ရပ်ကွက်နေ ဗိုလ်ဗိုလ်သိန်း(ခ) ဗိုလ်ဗိုလ်ကို ည ၁၀ နာရီခွဲတွင်လည်းကောင်း၊ "KhunSoe Paing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အုံအားကျေးရွာနေ ခွန်မောင်စိုး(ခ) ခွန်စိုးပိုင်ကို ယင်းနေ့ည ၁၂ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# ဒိုမီနီကန်ရီပါပလစ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူ ၂၁ ဦးသေဆုံးပြီး လူဦးရေ ၁၃၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ



**ဆန်တိုဒိုမင်ဂို နိုဝင်ဘာ ၂၀**

ဒိုမီနီကန်ရီပါပလစ်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုကြောင့် လူ ၂၁ ဦး သေဆုံးပြီး လူဦးရေ ၁၃၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဒိုမီနီကန်ရီပါပလစ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူများအနက် အရွယ်မရောက်သေးသည့် ကလေးငယ်သုံးဦးပါဝင်ပြီး ရေဘေးအန္တရာယ်ကြောင့် အခြေခံအဆောက်အအုံ အမြောက်အမြား ပျက်စီးခဲ့ကြောင်း၊ လမ်း၊ တံတားတချို့ပျက်စီးခဲ့သည့်အတွက်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာ ကယ်ဆယ်ရေးဝန်ထမ်းများ၏ အကူအညီဖြင့် ရွှေ့ပြောင်းခဲ့ကြရကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့်လည်း ရင်ဆိုင်နေရသကဲ့သို့ ဆက်သွယ်မှုပြတ်တောက်နေသည့် ဒေသပေါင်း ၄၅ ဒေသထိရှိနေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ ၁၃၀၀၀ ကျော်အနက် အယောက် ၂၅၀၀ ကျော်ကို အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရပါတယ်။ လက်ရှိမိုးရွာသွန်းမှုဟာ နိုင်ငံရဲ့သက်တမ်းတစ်လျှောက် မိုးရေချိန်အမြင့်ဆုံး အနေအထားဖြစ်နေတယ်။ ဒါကြောင့်လဲ ရေကြီးရေလျှံမှုဟာ အရေးပေါ်အခြေအနေကို ရောက်ရှိခဲ့တာဖြစ်ပါတယ်"ဟု ဒိုမီနီကန်ရီပါပလစ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် စာသင်ကျောင်းများကိုလည်း ယာယီပိတ်ထားရပြီး ရေဘေးအန္တရာယ်အခြေအနေပေါ်မူတည်၍ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကွင်းစလန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု မိုးရွာသွန်းမှုကြောင့် စတင်ထိန်းချုပ်နိုင်ပြီဖြစ်

**ကင်ဘာရာ နိုဝင်ဘာ ၂၀**

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၁၉ ရက်တွင် မိုးရွာသွန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုတချို့ကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်သည်ဟု ကွင်းစလန်းမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုကြောင့် ဘရစ္စဘိန်းမြို့အနောက်ဘက် ဒါလင်တောင်းမြို့အနီး လောင်ကျွမ်းနေသည့်တောမီးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း မီလ်မာရန်နယ်မြေအနီး လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်နိုင်ခြင်းမရှိသေးကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒါလင်တောင်းမြို့ခံများကို နေရပ်သို့ ပြန်ခွင့်ပြုထားပြီဖြစ်သော်လည်း မီလ်မာရန်နယ်မြေမှ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကို နေရပ်သို့ပြန်ခွင့်မပြုသေးကြောင်း ကွင်းစလန်း မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ဒါလင်တောင်းမှာ မိုးရွာသွန်းခဲ့တဲ့အတွက်ကြောင့် တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ ဒါပေမဲ့လဲ မီလ်မာရန်နယ်မြေမှာ လောင်ကျွမ်းနေတဲ့ တောမီးကိုတော့ ထိန်းချုပ်နိုင်တာ မရှိသေးပါဘူး။ ဖလာမင်ဂိုလမ်းမကြီးအနီးမှာ လောင်ကျွမ်းနေတဲ့တောမီးဟာ အန္တရာယ်ရှိတဲ့အဆင့်မှာပဲ ရှိနေပါသေးတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မိုးအကူအညီလိုအပ်နေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေလဲ ကြိုးစားပေးနေပါတယ်"ဟု ကွင်းစလန်းမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကွင်းစလန်းပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် နေရာပေါင်း ၃၉ နေရာထိရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကြောင့် မွန်ဘာဆာဆိပ်ကမ်း၌ ကုန်တင်၊ ကုန်ချလုပ်ငန်းများ ရပ်နားခဲ့ရ

**နိုင်ရိုဘီ နိုဝင်ဘာ ၂၀**

ကင်ညာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းတို့ကြောင့် မွန်ဘာဆာမြို့ရှိဆိပ်ကမ်း၌ ကုန်တင်၊ ကုန်ချမှုလုပ်ငန်းများ ရပ်နားခဲ့ရကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကင်ညာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု၊ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် မွန်ဘာဆာမြို့ရှိ ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချလုပ်ငန်းများ ရပ်နားခဲ့ရသကဲ့သို့ မွန်ဘာဆာမြို့နှင့် နိုင်ရိုဘီမြို့ကို ဆက်သွယ်ထားသော မီးရထားကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကိုပါထိခိုက်လျက်ရှိကြောင်း ကင်ညာမီးရထားဌာနက လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

အာဖရိကဦးချိုဒေသတွင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ဆက်နွယ်သည့် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ကင်ညာနိုင်ငံ ဒေသအသီးသီးတွင် အနည်းဆုံး လူ ၄၆ ဦး သေဆုံးခဲ့ပြီး မိသားစု ၈၀၀၀ ခန့် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း ကင်ညာ ဒုတိယသမ္မတ ရီဂါသီဂါချာဂွါက ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ဝန်ဆောင်မှုလုပ်ငန်းများကို အစိုးရက ရဟတ်ယာဉ်များအသုံးပြု၍ လုပ်ဆောင်လျက်ရှိကြောင်း၊ ရေနစ်သေဆုံးသူများ၊ ပျောက်ဆုံးနေသူများကိုလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : AZH



# ဗြိတိန်နိုင်ငံက ရာသီဥတုဒဏ်ခံနိုင်သော ကောက်ပဲသီးနှံများတီထွင်ရန်နှင့် စားနပ်ရိက္ခာ အန္တရာယ်များကိုဖော်ထုတ်ရန် စင်တာဖွင့်လှစ်မည်

**လန်ဒန် နိုဝင်ဘာ ၂၀**

ဗြိတိန်နိုင်ငံအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရာသီဥတုဒဏ်ခံနိုင်သော ကောက်ပဲသီးနှံများကို တီထွင်ရန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာစနစ်အတွက် အန္တရာယ်များကို ရှာဖွေဖော်ထုတ်ရန်အတွက် စင်တာတစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယနေ့ ကျင်းပပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေးထိပ်သီးအစည်းအဝေး ၂၀၂၃ အခမ်းအနားတွင် ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်က ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် ဆိုမာလီယာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကလေးများအတွက် ရင်းနှီးမြှုပ်နှံမှုဖောင်ဒေးရှင်းအဖွဲ့၊ Bill and Melinda Gates ဖောင်ဒေးရှင်းတို့နှင့်ပူးပေါင်း၍ ရာသီဥတုဒဏ်ခံနိုင်သော ကောက်ပဲသီးနှံများကို တီထွင်ရန်နှင့် ကမ္ဘာ့စားနပ်ရိက္ခာစနစ်အတွက် အန္တရာယ်များကို ရှာဖွေဖော်ထုတ်မည့်စင်တာတစ်ခုကို ဗြိတိန်နိုင်ငံတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်က ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယနေ့ ကျင်းပပြုလုပ်သော ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံရေး ထိပ်သီးအစည်းအဝေးတွင် ဗြိတိန်ဝန်ကြီးချုပ်က စားနပ်ရိက္ခာမလုံလောက်မှု၏ အခြေခံအကြောင်းတရားများကို ကိုင်တွယ်ဖြေရှင်းရန်၊ ပိုမိုခံနိုင်ရည်ရှိသော အစားအစာစနစ်များကို တည်ဆောက်ရန်၊ အစာရေစာ အကျပ်အတည်းနှင့် အာဟာရချို့တဲ့မှုတို့ကို ကာကွယ်ရန်အတွက် ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန်တွင် ဖွင့်လှစ်မည့် အဆိုပါစင်တာကို စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းများကိုစုစည်းပေးသည့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သော CGIAR အဖွဲ့က ဦးဆောင်သွားမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိပြီး ရောဂါပိုးမွှားဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသောသီးနှံများကို တီထွင်ထုတ်လုပ်မည့် သုတေသနလုပ်ငန်းများနှင့် ဗြိတိန်သိပ္ပံပညာရှင်များကို ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အယ်လ်နီညိုရာသီဥတုကြောင့် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ကင်ညာ၊ ဆိုမာလီယာနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့တွင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ရဖွယ်ရှိနေ

**ဘန်း နိုဝင်ဘာ ၂၀**

အယ်လ်နီညိုရာသီဥတုကြောင့် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ကင်ညာနိုင်ငံ၊ ဆိုမာလီယာနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့တွင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာ့မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကမ္ဘာ့မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် ဧပြီလထိ ရှည်ကြာသွားနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်သည် ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားသောနှစ်များစာရင်းတွင် ပါဝင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်ပမာဏမှာ ၂၀၂၃ ခုနှစ်ထက် ပိုမိုမြင့်မားလာဖွယ်ရှိနေကြောင်း ထုတ်ပြန်ထားသည်။

"နွေရာသီကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ အယ်လ်နီညိုရာသီဥတုဟာ ၂၀၂၄ ခုနှစ် ဧပြီလထိ ကာလရှည်ဖြစ်ပေါ်သွားနိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းမှာ ဆိုးရွားတဲ့ ရေဘေးအန္တရာယ်တွေဖြစ်ပေါ်လာနိုင်တယ်။ ကင်ညာနိုင်ငံ၊ ဆိုမာလီယာနိုင်ငံနဲ့ အာရပ်စော်ဘွားများပြည်ထောင်စုတို့မှာ ရေဘေးအန္တရာယ်တွေ ဆိုးရွားနိုင်ပါတယ်။ ဆိုမာလီယာနိုင်ငံမှာ ဒီနှစ်အတွင်း အပူချိန်မြင့်တက်မှုကြောင့် သေဆုံးသူတွေ မြင့်တက်ခဲ့တယ်။ ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းမှာလဲ အယ်လ်နီညိုရာသီဥတုရဲ့ ရိုက်ခတ်မှုကြောင့် သေဆုံးသူ မြင့်တက်လာနိုင်ဖွယ်ရှိပါတယ်"ဟု ကမ္ဘာ့မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏အတွင်းရေးမှူး ပက်တာရီတာလက်စ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : Sai Sat

# တောင်ဝှေးလေးက သူ့အဖော်

လင်းနွေးအိမ်



(၁)

"ဟာ ဒီမိန်းမကတော့ကွာ။ ငါသေချာပြောထားလျက်နဲ့"

စိုးထက်တစ်ယောက် အကြီးအကျယ်မိုးမီးလောင်နေ၏။ ထမင်းစားပွဲကလည်း ပြန့်ကျဲနေရာ ငရုတ်သီးဟင်းဆီရည်များက စားပွဲပေါ် မှစီးကျနေ၏။ ထိုသို့ လင်ယောကျ်ားဖြစ်သူ ဒေါသထွက်သည့်အခါတိုင်း သီရိအဖို့ နေစရာနေရာမရှိ။ ယခုလည်း မီးဖိုချောင်ထဲတွင် တိတ်တိတ်ကလေးငြိမ်နေရ၏။ ငွေကြေးဥစ္စာ မပြည့်စုံသည့် သီရိဘဝက ယနေ့အချိန်ထိ မလှုပခဲ့။ စိုးထက်နှင့် လူငယ်သဘာဝ မေတ္တာမျှခဲ့ရာမှ အဆင့်အတန်းက ကွာခြားလွန်း၍ မျက်နှာငယ်ခဲ့ရသည်။ ယောက္ခမဖြစ်သူဒေါ်စိန်ဌေးက သဘောမတူ။ သူ့သားကို လာပတ်သက်ရကောင်းလားဆိုပြီး ကြိမ်းဝါးခဲ့ဖူး၏။ အချစ်ဆိုတာကပဲ တန်ခိုးကြီးမားနေသည်လားသို့မဟုတ် သီရိအတွက် အတိတ်ကဝဋ်ကြွေးပဲ ကြီးမားခဲ့၍လား။ စိုးထက်နှင့် ခိုးရာလိုက်ပြေးခဲ့မိသည်။ တစ်နေ့ထက်တစ်နေ့ ပိုပြီးသိလာရသည်က စိုးထက်၏ စိတ်ဓာတ်အောက်တန်းကျမှုများ။ သူသည် အတ္တကြီးသည်။ သူ့အမေနည်းတူ ငွေဂုဏ်မောက်သလို ငွေနောက်လိုက်သည်။ အိမ်ထောင်သက်တမ်းရလာသည့်အချိန်တွင် ရည်းစားဘဝက ချစ်ခြင်းမေတ္တာများကလည်း တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားခဲ့ထင်သည်။ လင်မယားချင်းပြဿနာတက်တိုင်း သူ့မိဘများပါလာတတ်၏။ ကြာလာသည်နှင့်အမျှ စိုးထက်ကို သီရိ ရွံလာမိသည်။ ကြောက်လည်းကြောက်သည်။ မည်သို့ဆိုစေ လင်ယောကျ်ားအပေါ်၌ သီရိ ဝတ္တရားမပျက်ခဲ့ပေ။

(၂)

သီရိတို့မိသားစုမှာက အဖေရယ်၊ စိုးထက်ရယ်၊ သမီးလေးတစ်ယောက်ရယ်။ မိသားစုဝင်မများသော်လည်း အိမ်တွင်းရေးပြဿနာကတော့ နေ့တိုင်းလိုလို။ ဟိုတစ်ချိန်က မိသားစုလေးတစ်စု။ အဖေရယ်၊ အမေရယ်၊ ညီအစ်ကိုမောင်နှမအစုံအလင်နှင့် အချိန်လေးများကို သတိရမိသည်။ အဖေက စီးပွားရှာပြီး သားသမီးသုံးဦးကို ဝမ်းဝအောင်ကျွေးနိုင်ခဲ့သည်။ ငွေပိုငွေလျှံဆိုတာကတော့မရှိခဲ့။ တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်ဖြင့် မရှိအတူရှိအတူ ဝေမျှစားခဲ့ကြသည်။ အခက်အခဲများကို ကာကွယ်ပေးနေသည့် အဖေ၏ အပြုအမူများနှင့် နွေးထွေးသော အမေ့ရင်ခွင်ကြားတွင် အေးချမ်းစွာခိုလှုံဖြစ်ခဲ့သည်။ လေးတန်းစာလောက်သာ သင်ခဲ့ရသောအဖေက လောက၏အခက်အခဲများ၊ ရှုပ်ထွေးမှုများကို မနည်းကြိုးစားပြီးခုခံနေရ၏။ ဆင်းရဲသည့်အသိုင်းအဝိုင်းများမှ နွတ်ခမ်းပဲ့ချင်း မီးမှုတ်လိုက်ရသည့် အဖေနှင့်အမေအဖြစ်က လုပ်ကိုင်စရာ လယ်တစ်ကွက်မရှိခဲ့။ ကိုယ့်အိုးကိုယ့်အိမ်နှင့် နေထိုင်နိုင်ရန် အဖေဖြစ်သူက သူရင်းငှားဘဝဖြင့် ပိုက်ဆံစုခဲ့ရသည်။ အမေဖြစ်သူက မိဘများနှင့်အတူနေထိုင်ရင်းက ကောက်စိုက်ပေါင်းပေါက် စသော အငှားအရမ်းအလုပ်များဖြင့် ငွေစုခဲ့ရ၏။ သူတို့ဘဝများက ကြမ်းခဲ့သည်မို့ သားသမီးများကို အမြင့်ရောက်ရေး ကြိုးစားတွန်းတင်ပေးခဲ့သည်။ သားသမီးအားလုံးကို ကျောင်းထားပေးသည်။ ပုဆိုးအဖာ၊ ထဘီအစုတ်ဖြင့် ရုန်းကန်ပေးခဲ့သော်လည်း သူတို့၏ရည်ရွယ်ချက်က အထမမြောက်ခဲ့။ သားကြီးက ငှက်ဖျားရောဂါဖြင့် ဆုံးပါးသွားခဲ့သည်။ သမီးလတ်က တောထဲကို ထင်းခွေသွားရင်း ပိုးထိ၍ ဆုံးပါးခဲ့ပြန်သည်။ သီရိတစ်ယောက်သာကျန်တော့သည်မို့ တိုးပြီးချစ်သလို ပို၍ဂရုစိုက်ကြ၏။ သီရိ တက္ကသိုလ်ကျောင်းသူကြီးဘဝကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ထိုအချိန်ထိတိုင် အသက်အရွယ်ရလာသော အဖေနှင့်အမေက မာန်မလျှော့။ အမေက နံနက်စောစော ပဲပြုတ်တောင်းကို ခေါင်းပေါ်ရွက်ပြီး ရွာတစ်ပတ်ပတ်ရသည်။ ပဲပြုတ်ရောင်းပြီးပြန်လာတော့ ရွာနီးချုပ်စပ် ပန်းရောင်းထွက်ရပြန်၏။ အမေက မိန်းမသားပီပီ ထောင့်စေ့သည်။ ညနေခင်းဆိုလျှင် အကြော်အိုးကြီးကို ရှေ့မှာချပြီး အကြော်ရောင်းသေး၏။ ရွာထဲတွင် အိမ်တစ်လုံးဆောက်တော့မည်ဆိုလျှင် အဖေ့ဆီကိုလာကြသည်။ အဖေက သူတို့လိုချင်သောထရံကို အခကြေးငွေဖြင့် ရက်လုပ်ပေးရသည်။ သည်လိုနှင့် သီရိဘွဲ့ရလာခဲ့သည်။ ပညာလည်းစုံ ကြင်ရာလည်းစုံဆိုသလို သီရိမှာ ချစ်သူရည်းစားလည်းရှိနေပါပြီ။ သို့သော် သီရိ အိမ်ထောင်မပြုချင်သေး။

(၃)

"သမီးရယ် အမေ့အကြောင်း အမေသိပါတယ်။ သွားခေါ်မနေပါနဲ့တော့"

"အမေကလဲ ဘာလို့ဒီလိုစကားတွေပြောရတာလဲ။ ဆေးထိုးလိုက်ရင်ပျောက်သွားမှာပါ"

အိပ်ရာထဲလဲနေသည့်အမေ့မှာ အသားအရေက ဝါဖျော့နေလေပြီ။ အရိုးပေါ်အရေတင်နေသည့် အခြေအနေက အပေါ့အပါးပင် ထပြီးမသွားနိုင်တော့။ အလုပ်ကို ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ခဲ့ရခြင်းကြောင့်ဖြစ်ပေမည်။ ယခုလည်း ဆရာဝန်သွားခေါ်ရန် ပြောသည်ကို အမေကလက်မခံ။ သူ့အတွက်နှင့် ငွေကုန်ကြေးကျများလွန်းနေပြီမို့ ရှေ့ဆက်လက်မခံချင်တော့ထင်ပါသည်။

"မခေါ်ပါနဲ့တော့။ ငွေကုန်ခံပြီး အသက်ရှင်နေရတဲ့ဘဝကို အမေ မလိုချင်တော့ပါဘူး။ အမေ မရှိတော့တဲ့နောက်ပိုင်း သမီးရဲ့အဖေကို သမီးဂရုစိုက်ပေးပါနော်။ မိဘတွေရဲ့နေဝင်ခါနီးအချိန်မှာ သားသမီးတွေရဲ့ ဂရုစိုက်ပေးမှုက တကယ်အားဖြစ်စေပါတယ်သမီးရယ်"

"ဟုတ်ကဲ့ပါအမေ။ စိတ်ချပါ။ စကားတွေအများကြီးမပြောပါနဲ့ အမေရယ်။ အမေ မောနေပါ့မယ်"

အမေ့ကို ပြုစုပေးနေရင်းက အဖေရှိရာသို့ မျက်တောင်ပင့်ကြည့်လိုက်မိသည်။ အိမ်ရှေ့ရှိ သစ်ပင်ရိပ်အောက်တွင် တကုပ်ကုပ်ဖြင့် အလုပ်လုပ်နေသည့် အဖေ။ သတိထားပြီးသေချာကြည့်လိုက်တော့မှ သီရိ စိတ်မကောင်းဖြစ်ရပြန်သည်။ အဖုအထစ်များထနေခဲ့သည့် လက်မောင်းလုံးကြီးများက ယခုတော့ ပျော့တွဲတွဲဖြစ်နေ၏။ ပါးရေတွန့်နေသည့်မျက်နှာကို ဆံဖြူများက အုပ်မိုးထားသေး၏။ အဖေလည်း ခွန်အားများကျသွားပြီ။ သို့သော် အဖေက စိတ်ဓာတ်ခွန်အားကတော့ မကျသေး။ သူ့ကိုယ်သူ အသက်ကြီးလာပြီဆိုသည်ကို မေ့ပျောက်ထားသည်ထင်။

(၄)

ဘာလိုလိုနှင့် အမေဆုံးပါးသွားခဲ့သည်မှာ တစ်နှစ်ပင်ပြည့်တော့မည်။ သားအဖနှစ်ယောက်တည်း နေထိုင်လာရင်းက ချစ်သူ၏ဂျီကျမှုကြောင့် စိတ်ညစ်ရပြန်သည်။

"သီရိ မောင်တို့လက်ထပ်ကြရအောင်ကွာ။ အခုဆို မောင့်ရဲ့မိဘတွေကလဲ လက်လျှော့သွားကြပါပြီ။ အရေးကြီးတာက မောင်နဲ့သီရိ သာယာတဲ့ဘဝလေးကို ထူထောင်နိုင်ဖို့"

"မောင်ရယ် အမေဆုံးတာဖြင့် အခါမလည်သေးဘူးလေ။ နောက်ပြီး အိမ်မှာက အဖေတစ်ယောက်တည်း မဟုတ်လား။ သီရိသာ အိမ်ထောင်ပြုသွားရင်. . ."

အိမ်ထောင်တစ်ခုထူထောင်ဖို့အတွက် သီရိဘက်က အဆင်မပြေသေးမှုများကို ပြောလိုက်တိုင်း စိတ်ပျက်လက်ပျက်ဖြစ်သွားသည့် စိုးထက်၏မျက်နှာထား။ သီရိကတော့ ယခုဆို ပို၍ပင်ဝမ်းနည်းစရာဖြစ်နေရ၏။ ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူကို စိတ်ချမ်းသာစေချင်သည်။ အဝေးကို ငေးကြည့်နေရင်းက သီရိ သက်ပြင်းရှည်ကြီးကို လေးပင်စွာချလိုက်မိသည်။ စိုးထက်က လက်ထပ်ရန်ပြောတိုင်း ခဏစောင့်ပါဦးဆိုပြီး နှစ်သိမ့်လာခဲ့သည်မှာ ကြာခဲ့ပါပြီ။ ချစ်သူသက်တမ်းကလည်း ကြာလာလေလေ တစ်ဦးနှင့်တစ်ဦး ဝေးနေကြရသည့်အဖြစ်များကို ခံပြင်းလေလေ။ ဖူးစာမပါခဲ့၍လားဟု တစ်ခါတစ်ခါ တွေးကြည့်မိပြန်သည်။ ဘာပဲဖြစ်ဖြစ် အဖေ့ကို သီရိ ပစ်ခွာမသွားရက်။ မိသားစုတစ်စုလုံးထဲကမှ နောက်ဆုံးကျန်နေခဲ့သည့် သားအဖနှစ်ဦး၏သံယောဇဉ်ကို အပျက်အစီးမခံနိုင်ပေ။ လောကကြီးတွင် လက်တစ်ကမ်းမှာရှိနေသည့် ကိုယ်ဖြစ်ချင်သည်များကို ဖြစ်ခွင့်မရနိုင်သောအခါ ရင်မောရသည်။ စိတ်ပျက်မိသည်။ ကိုယ့်အဖြစ်ကို ပြန်စဉ်းစားမိတိုင်း မှိုင်တွေငေးမောနေမိသည့်သီရိအဖြစ်ကို အဖေက အကဲခတ်မိထင်သည်။

"သမီး အခုဆို ညည်းလဲငယ်တော့တာမဟုတ်ဘူး။ ကိုယ့်ဘဝရှေ့ရေးအတွက် အဆင်ပြေမဲ့လုပ်ငန်းတစ်ခုလဲရနေပြီပဲ။ မိန်းကလေးဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတယ်"

ကျောင်းကအပြန် ကိုယ်လက်မအီမသာဖြင့် ထိုင်နေသည့် သီရိ။ အဖေဖြစ်သူက ရေနွေးအိုးတစ်လုံးဖြင့် ဣန္ဒြေရရရှိနေရင်းက အမှတ်မထင်စကားဆိုလိုက်ခြင်းဖြစ်သည်။ အဖေ့စကားသံများက သီရိအတွက်တော့ စိတ်ဝင်စားရသည်မှာအမှန်။ သီရိ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်သည်။

(၅)

"သီရိ မောင့်ဘက်ကိုလဲ ထည့်စဉ်းစားပါအုံးကွာ။ မောင်နဲ့သီရိချစ်လာတာ အခုဆို ငါးနှစ်တောင်ပြည့်တော့မယ်။ အခုထိ မောင်တို့အဖြစ်တွေက . . ."

"ကိုယ်ချင်းစာပါတယ် မောင်ရယ်။ သီရိမှာလဲ ခံစားတတ်တဲ့နှလုံးသားနဲ့ပါ။ မောင့်ကို ပွင့်ပွင့်လင်းလင်းပဲပြောမယ်နော်"

ပြောနေရင်းက စိတ်ထဲတွင် စိုးတထိတ်ထိတ်ဖြစ်နေမိသည်။ အတွေးထဲကနေ အဖေ့မျက်နှာကို ပုံဖော်ကြည့်လိုက်ပြီး သီရိ မာန်တင်းလိုက်ရတော့သည်။

"သီရိလဲ မောင့်လိုပဲ လက်ထပ်ချင်ပါတယ်။ အဲဒီတော့ အဆင်ပြေဖို့နည်းလမ်းကတစ်ခုပဲရှိတယ် မောင်။ မောင်ကပဲ သီရိတို့အိမ်ကိုလိုက်ခဲ့ပါ။ သျှောင်နောက်ဆံထုံးပါဆိုတာက သီရိအတွက်တော့မဖြစ်နိုင်ဘူး မောင်"

ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရင်းက စိုးထက်၏မျက်လုံးများက ပုံမှန်ထက်ပိုပြူးလာ၏။ တဒင်္ဂအတွင်းမှာပင် သူကပြုံးနေပြန်၏။ သီရိကို ကြည့်နေသည့် သူ့အကြည့်များကို ဘာသာပြန်ရန်ခက်ခဲလှ၏။

"အေးပါကွာ။ ငါက ပိုချစ်တဲ့သူဆိုတော့ ငါကပဲ လိုက်ခဲ့ရတော့မှာပေါ့"

သီရိ ရိပ်မိလိုက်ပါပြီ။ စိုးထက်၏စကားထဲက ငါဆိုသည့် အသုံးအနှုန်းမှာ မကျေနပ်မှုတချို့ပါဝင်နေသည်ဆိုတာ။ တစ်လခန့်ကြာသော် သီရိတို့လက်ထပ်ဖြစ်သွားသည်။ စိုးထက်၏မိဘများက သီရိကို မထိတထိစကားများဖြင့် ရိလိုက်သေး၏။

"အေးပေါ့လေ။ ငါ့သားလေးကို အမြင့်ပျံပါဆိုမှ သူကခုန်ချသွားတော့လဲ။ ထားလိုက်ပါလေ။ ကဲ. . . သီရိ ညည်းအိမ်မှာဆိုတော့ အစစအရာရာ ညည်းမှာတာဝန်ရှိတယ်နော်။ ငါ့သားကို စိတ်ချမ်းသာအောင်ထားပေးပါ"

(၆)

စိုးထက် ရောက်လာပြီးကတည်းက အဖေနှင့် သီရိတို့၏ သားအဖချင်းဆက်ဆံရေးက ယခင်ကလောက် သွေးမနွေးတော့။ သီရိက မနက်ဆို သမီးလေးကိုခေါ်ပြီး တာဝန်ကျသည့်ကျောင်းကို စာသင်သွားရသည်။ ကျောင်းလေးက အိမ်နှင့်အတော်ဝေးသည်မို့ ညနေကျောင်းဆင်းချိန်မှသာ ပြန်လာနိုင်သည်။ နေ့လယ်စာအတွက် ထမင်းကို အိမ်ကတစ်ခါတည်းထုပ်ယူသွားရင်း

စာမျက်နှာ ၂၅ သို့ ➤

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၇၁ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၇၁ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၂၈၇၁ ဧက လျာထားပြီး ယခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ်သီးနှံများ လျာထားဧက အတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ငရုတ်သီးက ဈေးကောင်းရနေတာဆိုတော့ အခုနှစ် ဆောင်း ငရုတ်စိုက်တဲ့ တောင်သူတွေကို ရာသီအလိုက် စိုက်ဖြစ်အောင် ကူညီပံ့ပိုးပေးတာပါ။ အခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အိမ်မဲမြို့နယ်အနေနဲ့ ငရုတ် ၂၈၇၁ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်တွေပဲ စိုက်တာများပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဒေသခံ တောင်သူများသည် ငရုတ်သီးနှံကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဒေသမှတောင်သူများသည် ငရုတ်သီးကို ဆောင်းကာလနှင့် နွေကာလတွင် အဓိက စိုက်ပျိုးကြပြီး ယခုနှစ် ဆောင်းငရုတ်များ အထွက်နှုန်းကောင်းစေရေး၊ ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ အရည်အသွေးကောင်းစေရေး စသည့်လုပ်ငန်းများကို ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းငရုတ်တွေ တစ်ဧကကျော်လောက် စိုက်ဖို့ရှိပါတယ်။ ငရုတ်ဈေးကောင်းလို့ အခုနှစ် ဆောင်းရာသီမှာ ငရုတ်တွေ တိုးစိုက်သွားဖို့ရှိပါတယ်။ အခုနှစ် မိုးငရုတ်စိုက်ခဲ့ရတာလဲ အဆင်ပြေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့ နည်းပညာတွေကို ပံ့ပိုးပေးခဲ့လို့ဖြစ်ပါတယ်။ ငရုတ်က စိုက်ပြီး သုံးလကျော်လေးလလောက်နေရင် ခူးဆွတ်လို့ရပြီဖြစ်ပါတယ်"ဟု အိမ်မဲမြို့နယ်မှ ငရုတ်စိုက်တောင်သူ ဒေါ်တင်အုန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄မှအဆက်

အဖေ့အတွက် လိုလေသေးမရှိအောင် စီစဉ်ပေးခဲ့သည်။ စိုးထက်ကလည်း Taxi မောင်းနေသည်မို့ အိမ်မှာက အဖေတစ်ယောက်တည်း။ ကျောင်းကပြန်လာသည့်အခါတိုင်း အဖေက အပြုံးနှင့်ဆီးကြိုပေးနေကျ။ သို့သော် အဖေက တစ်နေ့ထက်တစ်နေ့ အသက်ကြီးလာ၍လား။ အဖေ့စကားသံများ သိပ်မကြားရတော့ပေ။ တောင်ဝှေးလေးတစ်ချောင်းကို အနားတွင်ထားပြီး တရားစာအုပ်များဖတ်လိုက်၊ ပုတီးစိပ်လိုက်နှင့်ရှိနေ၏။ ထူးခြားသည်ကား အဖေက သူ့မြေးမလေးနှင့်ဆုံဖြစ်လျှင်တော့ စကားဖောင်ဖွဲ့နေတတ်၏။

"အဖေ ထမင်းစားရအောင်လေ။ သမီးလေး ဘဘကို သွားပြီး လက်ဆွဲခေါ်လိုက်ပါအုံး"

အိမ်ဦးခန်း၌ မျက်လုံးကလေး ကလယ်ကလယ်နှင့် ဟိုဟိုသည်သည် ကြည့်နေသည့်အဖေက ငြိမ်ချက်သားကောင်းနေ၏။ ငယ်ငယ်တုန်းကလောက် ကြည်လင်ပြတ်သားမှုမရှိတော့သည့် အဖေ့စကားသံထွက်ပေါ်လာ၏။

"အဖေမဆာသေးပါဘူး သမီးရယ်။ ဆာမှပဲစားတော့မယ်"

ထိုသို့ပြောပြီး တောင်ဝှေးလေးကိုကောက်ကိုင်ကာ ထသွားတော့သည်။ အဖေ့စိတ်ကို သီရိသိနေသည်။ သမက်ဖြစ်သူ၏မျက်နှာက အခုတလော မကြည်မသာဖြစ်နေသည်ကို အဖေအကဲခတ်မိနေလိမ့်မည်။ သားသမီးများကို အဆင်ပြေမှုများသာ ပေးချင်သည့်အဖေ။ စိုးထက်၏ အဖေ့အပေါ် ဆက်ဆံမှုကို အဖေရိပ်မိသလို သီရိလည်းသိသည်။ အဖေ့ကို မလေးမစားဆက်ဆံသည့်အခါတိုင်း သီရိစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြင့် မျက်ရည်လည်နေမိခဲ့သည်။ ပြဿနာတက်သည့်အခါများလည်းမနည်းတော့။

"မောင်ရယ် အဖေ့အပေါ် ကို ပြေပြေလည်လည်ဆက်ဆံပေးပါ။ သီရိမှာ ကျေးဇူးဆပ်စရာဆိုလို့ ဒီအဖေပဲရှိတော့တာပါ"

သီရိ ဘယ်လိုပင်ပြောပြော။ ဘယ်လောက်တောင်းပန်တောင်းပန်။ ယောက္ခမနှင့်သမက်၊ ယောက္ခမနှင့်ချွေးမဆိုသည်ကား အဆင်ပြေမှုရှိသူနည်းလှ၏။ သမားရိုးကျဖြစ်လေ့ဖြစ်ထရှိသည်များထဲတွင် စိုးထက်လည်း ပါဝင်နေပေမည်။ အိမ်ပြန်လာသည့်အခါတိုင်း စိုးထက်မျက်နှာက စူပုပ်နေ၏။ အဖေက သူ့ဘာသာသူနေတာပါ။ ဒါကိုတောင် သူက အဖေနှင့် ရန်ဖြစ်ထားသူလိုလို၊ စကားများထားကြသူလိုလို အပြုအမူများနှင့်။ တစ်ခါတစ်ခါ သည်လိုယောက်ျားတစ်ယောက်ကိုယူမိလေခြင်းဟု နောင်တရမိခြင်းနှင့်အတူ ကွာရှင်းပစ်လိုက်ချင်သည်။ သို့သော် အောင်မြင်မှုမရနိုင်ခဲ့။ တစ်ချိန်လုံးလျှော့စားပေးပြီးနေလာခဲ့ခြင်းမှာ သမီးလေးမျက်နှာကို ကြည့်ရသေး၏။

(၇)

အိမ်ရှေ့ရှိလမ်းမကြီးထက်တွင် အဖေ့ကိုမြင်နေရသည်။ မှုန်ဝါးဝါးအကြည့်များဖြင့် လမ်းလျှောက်နေသည့်အဖေကို ချိုင့်ခွက်တွေ့လျှင် တောင်ဝှေးလေးက အချက်ပေး၏။ ခြေလှမ်းတချို့ သတိလက်လွတ် ယိမ်းချော်သွားသည့်အခါ တောင်ဝှေးလေးက အားပြုပေး၏။ အဖေ့သမီး သီရိက အဖေ့ကို ဂရုစိုက်နေပါသည်။ သည်အဖြစ်များကို တမလွန်က အမေသိလျှင် ကျေနပ်မည်ထင်ပါ၏။ နေဝင်ခါနီးအချိန်ကာလတွင် အားငယ်မှုများနှင့် အဖေ့ကို သီရိ အစွမ်းကုန်အားပြုပေးချင်သည်။ လောက၌ လူတချို့က ကျေးဇူးတရားကို မသိတတ်ကြ။ သိတတ်ကြပြန်သော်လည်း သိသလောက်ထိ မဆပ်ပေးနိုင်ကြ။ ပြုမူမပေးနိုင်ကြ။ ထိုအထဲတွင် သီရိလည်းပါဝင်ပေလိမ့်မည်။ ဘဝက ရှုပ်ထွေးနေသည့် ပုစ္ဆာတစ်ပုဒ်ကဲ့သို့ပင်။ တာဝန်နှင့်ဝတ္တရားများကလည်း များပြားနေသည်။ သွေးသားမတော်စပ်သူ သူစိမ်းတစ်ယောက်ကို အချစ်ဆိုသောအရာတစ်ခုတည်းဖြင့် ပတ်သက်ဆက်ဆံနေရ၏။ သားသမီးများအပေါ် ကြွေးသစ်ချပေးရသည်။ ကိုးလလွယ် ဆယ်လဖွားပြီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် မွေးထုတ်ပေးခဲ့သည့်ကျေးဇူးရှင်မိဘနှစ်ပါးကိုလည်း ကြွေးဟောင်းဆပ်ပေးရပြန်သည်။ တကယ်တော့ နေဝင်ချိန်ရောက်နေသည့်အဖေ့အတွက် တောင်ဝှေးလေးက အကောင်းဆုံးအဖော်တစ်ခုပါ။ အဖေမျှော်လင့်သလို သမီးဖြစ်သူဆီက ချစ်ခြင်းမေတ္တာကိုတော့ ရပါသည်။ သို့သော် စိတ်အေးချမ်းမှုကိုတော့ အပြည့်အဝရနိုင်ခဲ့လိမ့်မည်မထင်ပေ။ တောင်ဝှေးလေးက အဖေလိုသည့်အခါတိုင်း အမြဲအဖော်ပြုပေး၏။ အဖေ့ကို အားဖြည့်ကူညီပေးရင်းက စိတ်ဆင်းရဲစရာများလည်း ပြန်မပေး။

"ဩော်. . . ငါက တောင်ဝှေးလေးတစ်ချောင်းလောက်တောင် အဖေ့ကို စိတ်ချမ်းသာမှုမပေးနိုင်ခဲ့တာပါလား"

တွေးရင်းက မျက်ရည်များလည်လာသည်။ တရွေ့ရွေ့ဖြင့် အဖေက လမ်းဆက်လျှောက်နေ၏။

"ဟဲ့ ဟာ ဒီမိန်းမကတော့"

အတွေးများနှင့်အတူရှိနေရင်းက စိုးထက်၏ စကားသံကိုကြားလိုက်ရသည်။ လျှပ်တစ်ပြက်အတွင်းမှာပင် နားအုံတစ်ခုလုံးပူထူသွား၏။ ပျာပျာသလဲဖြစ်ကာ စားပွဲပေါ် ကဟင်းရည်များကို လက်သုတ်ပဝါဖြင့် ခပ်မြန်မြန်သုတ်လိုက်သည်။ အိမ်ထရံကြားမှ မှိန်ပျပျအလင်းရောင်က မပီဝိုးတဝါးဖြစ်နေ၏။ မကြာမီ အိမ်လေးလည်း အမှောင်ကျသွားတော့မည်။ သီရိ၏ ဘဝကဖြင့် အမှောင်ကျနေသည်မှာကြာခဲ့ပါပြီ။

---

# မင်္ဂလာစကား ပြောဆိုထား

\- မြန်မာတွေ ယဉ်ကျေးလှ
နှုတ်ဆက်ကြ မင်္ဂလာပါ၊
ရှေးရိုးအစဉ် ချိုကြည်မွေ့လို့
ဓလေ့ရိုးရာ၊
မွန်မြတ်တဲ့ တို့မြန်မာ
ဂုဏ်ထည်ဝါ ဆိုစကား၊
ကြားရသူ နားဝင်အေးတဲ့
ချိုတေးသံများ။

\- ကျက်သရေ မင်္ဂလာတစ်ပါးပေမို့
ထင်ရှားလှတဲ့ ရှေးကအမွေ၊
နှောင်းလူငယ် အစဉ်အမြဲ
ရင်ထဲကိန်းစေ၊
သိလိမ္မာဖို့ ကျင့်ဝတ်တွေ
လိုက်နာမသွေ ဆောင်ကြဉ်းအပ်၊
မင်္ဂလာ ဂုဏ်ရောင်လွှမ်းလို့
အောင်ပန်းတွေထပ်။

\- နေ့စဉ်ပင် သတိကပ်ပါလို့
မြင့်မြတ်တဲ့ ပတ်ဝန်းကျင်၊
နေထိုင်ပုံ အလှဂုဏ်တုဖို့
ရှေးရှုခုံမင်၊
ကိုယ်ကျင့်တရားနဲ့ သိက္ခာတွင်
မေတ္တာယှဉ်တဲ့ စိတ်သဒ္ဓါဖုံး၊
မင်္ဂလာ ဆိုစကားရယ်က
အစဉ်လာ ပိုမကြွားပါဘု
သကာပျားသို့ ချိုစေဖွယ်
နှုတ်မှကွယ် ကျူးသီရင့်လို့
ခွန်းဆင့်ခြယ်မှုန်း။ ။

**ကလေးလေး(ဟသ်ာတ)**

---

# ဘားအံမြို့နယ် နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းနေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် နောင်ဘို-ကော့မူးသွေကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် နောင်ဘို-ကော့မူးသွေကျေးရွာချင်းဆက်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၄၆ ဒသမ ၈၁၆ သန်းဖြင့် DNT ကုမ္ပဏီက ယခုနှစ် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လှ**

# လေထုအရည်အသွေးကျဆင်းမှုနှင့် ရင်ဆိုင်နေရသောအိန္ဒိယနှင့် ပါကစ္စတန်

အိန္ဒိယနှင့် ပါကစ္စတန်တို့၏ အဓိကမြို့ကြီးများဖြစ်သည့် အစ္စလာမ်မာဘတ်၊ ပါရှဝါ၊ ဒေလီ၊ မွမ်ဘိုင်း၊ ကိုးလ်ကတ္တား၊ ချင်းနိုင်နှင့် ဘန်ဂလိုတို့သည် လေထုညစ်ညမ်းမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားရလျက်ရှိသည်။ ၎င်းမြို့ကြီးများသည် ဆောင်းရာသီတွင် လေထုညစ်ညမ်းမှုဒဏ်ပိုမိုခံစားရလေ့ရှိသည်။ စက်မှုလုပ်ငန်းများမှ ကာဗွန်ထုတ်လွှတ်မှုများ၊ မော်တော်ယာဉ်များမှမီးခိုးများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ကောက်ပဲသီးနှံများရိတ်သိမ်းပြီးချိန်တွင် ကျန်ရှိနေသောကောက်ရိုးများ၊ ရိုးပြတ်များနှင့် စိုက်ခင်းကျွတ်များကို မီးရှို့ခြင်းတို့သည် လေထုညစ်ညမ်းမှုဖြစ်ပွားရသည့် အဓိကအကြောင်းတရားများပင်ဖြစ်သည်။

လာဟိုး၊ ဒေလီနှင့်ကရာချိတို့သည် ၂၀၂၃ ခုနှစ် ဆောင်းရာသီမရောက်မီမှာပင် ကမ္ဘာ့လေထုညစ်ညမ်းမှုအများဆုံးမြို့ကြီးများစာရင်းတွင် ပါဝင်လျက်ရှိသည်။ လေထုအရည်သွေးအညွှန်းကိန်းကို ၀ မှ ၅၀၀ ထိ သတ်မှတ်ထားသည်။ လေထုအရည်အသွေးအဆင့် ၅၀ ထိသည် ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီး သန့်ရှင်းလတ်ဆတ်သောလေအဖြစ် သတ်မှတ်ထားရှိသည်။ အဆင့် ၁၀၀ ထိသည် သည်းခံနိုင်စွမ်းရှိပြီး အဆင့် ၁၅၀ ကျော်လာပြီဆိုလျှင် ကျန်းမာရေးအတွက် အန္တရာယ်ရှိလာပြီဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလကုန်ပိုင်းတွင် ပါကစ္စတန်နိုင်ငံလာဟိုးမြို့၏ လေထုအရည်အသွေးအဆင့် သတ်မှတ်ချက်သည် ၃၇၆ မှ ၅၁၀ ထိရှိခဲ့ပြီး အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၏လေထုအရည်အသွေးအဆင့်သတ်မှတ်ချက်သည် ၃၃၃ ထိရှိခဲ့သည်။

အဆိုပါမြို့ကြီးများတွင် လေထုအရည်အသွေးကျဆင်းလာခြင်းသည် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာကို ဖြစ်ပေါ်စေလျက်ရှိပြီး လူမှုရေးဆိုင်ရာနောက်ဆက်တွဲသက်ရောက်မှုများကိုလည်းဖြစ်ပေါ်စေလျက်ရှိသည်။ လေထုညစ်ညမ်းမှုများကြောင်း လူကြီး၊ လူငယ်အသက်အရွယ်ပေါင်းစုံကိုခြိမ်းခြောက်လျက်ရှိသော ကျန်းမာရေးဆိုင်ရာပြဿနာများမှာ ပန်းနာရင်ကျပ်၊ နှလုံးရောဂါ၊ အဆုတ်ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် ကလေးများဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် တစ်သက်တာလုံး အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်အခဲများဖြစ်ပေါ်စေနိုင်သည်။

ထို့ပြင် ဓာတ်မတည့်မှုဖြစ်ပွားခြင်း၊ အသက်ရှူရန်ခက်ခဲခြင်းနှင့် ခုခံအားစနစ် အားနည်းလာခြင်းတို့သည် ရောဂါကူးစက်ခံရနိုင်ခြေနှင့်ဖျားနာမှုများဖြစ်ပွားမှုမြင့်တက်လာနိုင်ပေသည်။ အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များသည် မူလကတည်းကပင် အကြောင်းအမျိုးမျိုးကြောင့် ဖိအားများဖြစ်ပေါ်လျက်ရှိပြီး လေထုအရည်အသွေးကျဆင်းမှုကြောင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများမြင့်တက်လာခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံအဆောက်အအုံများအပေါ် ဖိအားပိုမိုဖြစ်ပေါ်စေလျက်ရှိသည့်အတွက် ရှုရင်းစွဲနှင့်ထပ်မံဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်စိန်ခေါ်မှုဖြစ်ပေါ်စေလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် လေထုအရည်အသွေးကျဆင်းလာမှုကို ကိုင်တွယ်ဖြေရှင်းခြင်းသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းအတွက် ထိပ်တန်းဦးစားပေးတာဝန်တစ်ရပ်ဖြစ်လာသည်။ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများသည် လေထုညစ်ညမ်းမှုဒဏ်ကို ပိုမိုခံစားရနိုင်သဖြင့် ကျန်းမာရေးဆိုင်ရာနောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လာနိုင်ပေသည်။

အိန္ဒိယနှင့် ပါကစ္စတန်တွင် စက်မှုလုပ်ငန်းများမှ ကာဗွန်ထုတ်လုပ်မှုများ၊ မော်တော်ယာဉ်များမှ မီးခိုးထုတ်လွှတ်မှုများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသည်လည်း လေထုညစ်ညမ်းမှုပိုမိုဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါအရင်းအမြစ်များသည် တစ်နှစ်ပတ်လုံးလေထုညစ်ညမ်းမှုဖြစ်ပေါ်စေလျက်ရှိသည့်အပြင် ဆောင်းရာသီတွင် အပူချိန်လျော့ကျလာခြင်းနှင့် လေတိုက်နှုန်းကျဆင်းလာခြင်းတို့သည်လည်း လေထုညစ်ညမ်းမှုပိုမိုမြင့်တက်လာစေလျက်ရှိသည်။

ထို့ပြင် ဆောင်းရာသီတွင် ကောက်ပဲသီးနှံစိုက်ခင်းကျွတ်များနှင့် ရိုးပြတ်များကို မီးရှို့ခြင်းသည်လည်း လေထုညစ်ညမ်းမှုမြင့်တက်စေလျက်ရှိသည်။ တောင်သူများသည် ကောက်ပဲသီးနှံများရိတ်သိမ်းပြီးချိန်တွင် လာမည့်စိုက်ပျိုးရာသီအတွက် လယ်ကွင်းများ ပြန်လည်ထွန်ယက်နိုင်ရန် ကောက်ရိုးများကို အလွယ်တကူ မီးရှို့ပစ်လေ့ရှိကြသည်။ ထိုသို့ စိုက်ခင်းကျွတ်များကို မီးရှို့ခြင်းသည် တောင်သူများအတွက် လုပ်ငန်းအဆင်ပြေလွယ်ကူစေသော်လည်း သဘာဝပတ်ဝန်းကျင်နှင့်လေထုညစ်ညမ်းမှုတို့ကို ဖြစ်ပေါ်စေပြီး ကျန်းမာရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေလျက်ရှိသည်။



လေထုညစ်ညမ်းမှုနှင့် ရင်ဆိုင်နေရသော ပါကစ္စတန်

ကောက်ပဲသီးနှံရိတ်သိမ်းသည့် ရာသီသည် နိုဝင်ဘာလအတွင်း သီတင်းပတ် နှစ်ပတ်မှ လေးပတ်ထိကြာမြင့်နိုင်သည်။ အဆိုပါကာလအတွင်း ဂြိုဟ်တုမှာရိုက်ယူထားသောဓာတ်ပုံများတွင် မီးခိုးများနှင့် မီးရှို့နေသည့် လှုပ်ရှားမှုများကို အများဆုံးတွေ့ရှိရပြီး အိန္ဒိယအနောက်မြောက်ပိုင်းတွင် ရိုးပြတ်တောများမီးရှို့နေမှုကိုတွေ့ရှိရသည်။ အဆိုပါအလေ့အထသည် ဒေသခံတောင်သူများကြား အရိုးစွဲနေသည့် စိုက်ပျိုးရေးစနစ်ဖြစ်ပြီး မီးခိုးမြူငွေ့များဖြစ်ပေါ်လာမှုနှင့် လေထုအတွင်းအမှုန်အမွှား (PM2.5) ဖြစ်ပေါ်လာမှုတို့ကို ဆိုးဆိုးရွားရွားဖြစ်ပေါ်စေလျက်ရှိသည်။

PM2.5 သည် အလွန်သေးငယ်သောအမှုန်အမွှားလေးများဖြစ်ပြီးအဆုတ်တွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်သဖြင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများစွာကိုဖြစ်ပေါ်စေလျက်ရှိသည်။ လေထုအတွင်း PM2.5 အမှုန်အမွှားများ တိုးမြင့်ဖြစ်ပေါ်လာခြင်းသည် မြူများနှင့်မီးခိုးများထူထပ်လာစေပြီး အိန္ဒိယအနောက်မြောက်ပိုင်းဒေသရှိ ပြည်သူများ၏ နေ့စဉ်လူမှုဘဝအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေလျက်ရှိသည်။

ထို့ပြင် ကောက်ပဲသီးနှံရိတ်သိမ်းသောရာသီတွင် လေတိုက်နှုန်းကျဆင်းလေ့ရှိသဖြင့် အမှုန်အမွှားများသယ်ဆောင်ရာတွင် နှောင့်နှေးစေလျက်ရှိသည့်အပြင်လေထုအရည်အသွေးကိုလည်း ကျဆင်းစေလျက်ရှိသည်။ အလားတူ ဆောင်းရာသီတွင် စွမ်းအင်လိုအပ်ချက်မြင့်တက်လာခြင်းသည် လေထုညစ်ညမ်းမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းထဲတွင် ပါဝင်လျက်ရှိသည်။ အေးမြသောရာသီဥတုတွင် အနွေးဓာတ်ရရှိရေးအတွက် စွမ်းအင်ပိုမိုသုံးစွဲရန် လိုအပ်သည်။ အကျိုးဆက်အနေဖြင့် ကျောက်မီးသွေးနှင့် ဇီဝလောင်စာဆီအသုံးပြုရသည့်အတွက် ကာဗွန်ထုတ်လွှတ်မှုပိုမိုမြင့်တက်လာစေလျက်ရှိသည်။ ထိုသို့ ကာဗွန်ထုတ်လွှတ်မှုမြင့်တက်လာခြင်းသည် လေထုအရည်အသွေးညစ်ညမ်းမှုကို မြင့်တက်လာစေလျက်ရှိသည်။

ပထဝီဆိုင်ရာ မြေပြင်အနေအထားသည်လည်း ဒေသတွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။ ညီညာသော မြေနိမ့်လွင်ပြင်နှင့် လူဦးရေသိပ်သည်းမှုတို့သည် လေထုညစ်ညမ်းမှုဖြစ်ပွားနိုင်သည့် အကြောင်းတရားများကို ဖန်တီးပေးနိုင်ပေသည်။ ထို့ကြောင့် အိန္ဒိယအနောက်မြောက်ပိုင်းဒေသတွင် လေထုညစ်ညမ်းမှုလျော့ချရာတွင် ကောက်ပဲသီးနှံစိုက်ခင်းကျွတ်များနှင့် ကောက်ရိုးများမီးရှို့မှုကို ဦးစွာလျှော့ချသွားရန် လိုအပ်သည်။ အထူးသဖြင့် ဆောင်းရာသီတွင် စိုက်ခင်းကျွတ်များမီးရှို့သည့်အလေ့အထကို လျှော့ချသွားခြင်းသည် လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ပြည်သူများ၏ ကျန်းမာရေးကိုကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် များစွာအရေးပါလျက်ရှိသည်။

ဒေသတွင်းလေထုညစ်ညမ်းမှုပြဿနာကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အစိုးရများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံလူမှုအသိုက်အဝန်းများအပါအဝင် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများသည် လက်တွေ့ကျကျဆောင်ရွက်သွားရန် လိုအပ်ပေသည်။ အဆိုပါစိန်ခေါ်မှုကိုထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အိန္ဒိယနှင့် ပါကစ္စတန်အစိုးရနှစ်ရပ်စလုံးအနေဖြင့် မီးခိုးမြူများထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ်ကို တစ်နှစ်ပတ်လုံး ဦးစားပေးဆောင်ရွက်သွားရန်လိုအပ်ပေသည်။ အရင်းအမြစ်ပေါင်းစုံမှ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေလျက်ရှိသော်လည်း ဆောင်းရာသီရောက်ရှိချိန်တွင် ပိုမိုမြင့်တက်လာလေ့ရှိသည်။ ပြည်သူ့ပို့ဆောင်ရေးစနစ်များအဆင့်မြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသော အဆောက်အအုံများ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် ကောက်ရိုးများနှင့် ရိတ်သိမ်းပြီး အကြွင်းအကျန်များကိုပြန်လည်အသုံးပြုရန် တိုက်တွန်းအားပေးခြင်းနှင့် သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်ရန်ဦးစားပေး ဆောင်ရွက်ခြင်းတို့သည် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် အရေးပါသော လုပ်ငန်းစဉ်များပင်ဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် လေထုအရည်အသွေးတိုးတက်ရေးအတွက် ကြိုးပမ်းမှုများလုပ်ဆောင်လျက်ရှိသော်လည်း မူဝါဒများလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးနှင့် ခေတ်မီလယ်ယာစိုက်ပျိုးနည်းစနစ်များ ကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနိုင်ရေးတို့အတွက် စိန်ခေါ်မှုများ ရှိနေဆဲပင်ဖြစ်သည်။ လယ်သမားများ၏အသိပညာဗဟုသုတနည်းပါးခြင်း၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများရရှိနိုင်ရန် ခက်ခဲခြင်းနှင့် သမားရိုးကျလယ်ယာစိုက်ပျိုးနည်းစနစ်များကို အခိုင်အမာဖက်တွယ်ထားခြင်းတို့သည် လေထုညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းစဉ် တိုးတက်ရေးအတွက် ကြန့်ကြာမှုများ ဆက်လက်ဖြစ်ပေါ်စေလျက်ရှိသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့အနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို ထိရောက်စွာ ကျော်လွှားနိုင်ရေးအတွက် အသိပညာဗဟုသုတဖြန့်ဝေသည့်လှုပ်ရှားမှုများနှင့် လယ်သမားများကို ပညာပေးသည့် အစီအစဉ်များကို အထူးကြိုးပမ်းလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် စိုက်ခင်းများမှထွက်ရှိသည့် ကောက်ရိုးများနှင့်အကြွင်းအကျန်များကို ပြန်လည်အသုံးပြုခြင်း၏ အကျိုးတရားများနှင့် စိုက်ခင်းကျွတ်များ မီးရှို့ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲဆိုးကျိုးများကို ရှင်းလင်းပြသရာတွင် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် လယ်သမားများအတွက် ခေတ်မီလယ်ယာသုံးစက်ပစ္စည်းများအလွယ်တကူရရှိအောင် ဆောင်ရွက်ပေးခြင်းသည် သမားရိုးကျ စိုက်ပျိုးမှုစနစ်ကို လျှော့ချစေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးဆိုင်ရာအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုများသည် သတင်းအချက်အလက်များမျှဝေခြင်းနှင့် ရေရှည်အကျိုးဖြစ်ထွန်းမည့် အလေ့အထများချမှတ်ကျင့်သုံးခြင်းတို့တွင် အရေးပါသောအထောက်အကူများပေးသွားနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် အိန္ဒိယနှင့် ပါကစ္စတန်အစိုးရတို့အနေဖြင့် စိုက်ခင်းကျွတ်များ မီးရှို့မှုလျှော့ချရန်နှင့် လေထုအရည်အသွေးမြှင့်တင်ရန်အပြင် အကျိုးဖြစ်ထွန်းသော စိုက်ပျိုးရေးအလေ့အထ တိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။ ထို့ပြင်နှစ်နိုင်ငံစလုံးအနေဖြင့် နယ်စပ်ဖြတ်ကျော်ဖြစ်ပွားလျက်ရှိသော လေထုညစ်ညမ်းမှုပြဿနာကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ထိရောက်သောအဖြေရှာဖွေသွားရန်လိုအပ်ပေသည်။ ပူးပေါင်းကြိုးပမ်းမှုများသည်သာလျှင် အိန္ဒိယ- ပါကစ္စတန်နယ်စပ်တွင် မီးခိုးမြူများလျှော့ချနိုင်ပြီး လေထုအရည်အသွေးတိုးတက်စေနိုင်မည့်နည်းလမ်းများကို ကမ်းလှမ်းသွားနိုင်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်မည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်အပြင် နိုင်ငံသားအားလုံး၏ သာယာဝပြောမှုကိုလည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပေသည်။

**ကိုးကား**

- **Air Quality Woes: A Joint Struggle for India and Pakistan By The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# မအူပင်မြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေ



**မအူပင် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်လာကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် လက်ရှိ နိုဝင်ဘာလ ပထမပတ်မှစတင်ပြီး ပဲလွမ်းဖြူများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်လာကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်ယူမှုကောင်းလာခြင်းသည် ဒေသထွက်ပဲလွမ်းဖြူများကို ရန်ကုန်ဘက်မှ ဝယ်ယူမှုကောင်းလာပြီး ဒေသထွက် ပဲလွမ်းအဖြူများ အထွက်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန်ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခု နိုဝင်ဘာလ ပထမပတ်ကနေစတင်ပြီး သိသိသာသာကို အဝယ်လိုက်လာတာပါ။ အခု အဝယ်လိုက်နေတဲ့အပြင် ဈေးကလဲ ကောင်းလာပါတယ်။ ပဲဈေးတွေက အခုထက်ကောင်းလာဖို့ပဲရှိပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေတာပါ။ ပဲအထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး။ ဒေသမှာ ပဲလွမ်းဖြူက ဆောင်းသီးနှံတွေ သိမ်းချိန်မှာ အထွက်များပါတယ်" ဟု မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

မအူပင်မြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့်စပါး၊ ဆန် ရာသီထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ကလောမြို့နယ် နန်းအွန်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြင်းမထိကျေးရွာအုပ်စု နန်းအွန်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၉ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဋ္ဌမအကြိမ်အဖြစ် နန်းအွန်ရွာမကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၁၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၀၀၁ ဧက စိုက်ပျိုးပြီးစီး

**မြောင် နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးသီးနှံ ၄၀၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မိုးစပါး ဧက ၄၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ မိုးစပါး ၄၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မြောင်မြို့နယ်မှာ မိုးစပါးသီးနှံဧက ၄၀၀၀ စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ မိုးစပါး ၄၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တိုးလာပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ အချိန်မီစိုက်ပျိုးကြဖို့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မြောင်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကဝမြို့နယ် ဖလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ဖလေးကျေးရွာအုပ်စု ဖလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက ဖလေးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ကဝမြို့နယ် ဖလေးကျေးရွာတွင် လမ်းအရှည်ပေ ၅၈၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ဖလေးကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သုတ**



# စလင်းမြို့နယ် တောင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စလင်း နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တောင်ဘိုရွာသစ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ တောင်ဘိုရွာသစ်ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်း ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အခန်းဖွဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေရရှိရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်းများကို စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၇ ဒသမ ၃၃၅ သန်းအသုံးပြု၍ စေတုတ္တရာချင်းတိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ အဆိုပါ ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိပြီး နွေရာသီကာလများတွင် ရေရှားပါးသည့် အခက်အခဲများကို ကုစားနိုင်မည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **အထွေး**

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာ့ရှေးဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၅၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၄၀၀၀၀၀ ကျပ်
(၃) တတိယဆု ၃၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၂၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၁၅၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၀၀၀၀၀ ကျပ်

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၇၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၆၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၅၀၀၀၀၀ ကျပ်
(၃) တတိယဆု ၄၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၃၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၂၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၁၅၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၁၅၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၁၅၀၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

(၁) ပထမဆု ၁၀၀၀၀၀၀ ကျပ်
(၂) ဒုတိယဆု ၇၀၀၀၀၀ ကျပ်
(၃) တတိယဆု ၅၀၀၀၀၀ ကျပ်
(၄) စတုတ္ထဆု ၄၀၀၀၀၀ ကျပ်
(၅) ပဉ္စမဆု ၃၀၀၀၀၀ ကျပ်
(၆) အထူးဆု(၁) ၂၀၀၀၀၀ ကျပ်
(၇) အထူးဆု(၂) ၂၀၀၀၀၀ ကျပ်
(၈) အထူးဆု(၃) ၂၀၀၀၀၀ ကျပ်

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၀-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၄၁၈။ | တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ/ အရာခံ၊ အကြပ်စစ်သည် မိသားစုများကောင်းမှု | ၃၅၀၀၀၀၀ |
| ၇၄၁၉။ | ကွယ်လွန်သူ ဦးမြင့်သိန်းဆွေအားရည်စူး၍ ဒေါ်သွင်ချိုအေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၇၄၂၀။ | ဦးကျော်သူနိုင်နှင့်ဇနီး ဒေါ်သန္တာမွန်၊ (သမီး) မခင်ဥမ္မာကျော်၊ (မြေး) မောင်အောင်ဘုန်းကျော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၇၄၂၁။ | ဒေါ်ကြည်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၇၄၂၂။ | ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီးမောင်တုအား ရည်စူး၍ ဇနီးဒေါ်ခင်ခင်ဦးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၄၂၃။ | ဦးကြည်မောင်သိန်းနှင့်ဇနီး ဒေါ်သီတာမှုးသိန်း၊ (သမီး) မတင်မြတ်နိုးမွန်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၄၂၄။ | ဦးအေးမောင်နှင့်ဇနီး ဒေါ်ကြည်သန်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၄၀၀၀၀ |
| ၇၄၂၅။ | ဖခင်ကြီး ဦးမြမောင်နှင့် မိခင်ကြီး ဒေါ်စိန်စိန်၊ ခင်ပွန်း ဦးကြည်ဝင်းတို့အားရည်စူး၍ ဒေါ်သန်းသန်းမြ၊ ဆရာလေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၄၂၆။ | ကွယ်လွန်သူ ဦးသန်းလွင်အားရည်စူး၍ ဒေါ်ကွန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၂၇။ | ဦးမောင်သန်းနှင့်ဇနီး ဒေါ်တင်တင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၂၈။ | ဦးသန်းထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၂၉။ | ဦးသက်နိုင်နှင့်ဇနီး ဒေါ်ချောစုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၀။ | ဦးမြင့်သန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၁။ | ဦးစိန်ဝင်း၊ (သား)ဦးအောင်သူရိန်ဝင်းနှင့်ဇနီး ဒေါ်အိအိဖြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၂။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၃။ | ဦးကံထွန်းနှင့်ဇနီး ဒေါ်ရင်မေ၊ (သား)မောင်ကျော်ခိုင်၊ (သမီး)မလှလှမင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၃၄။ | ဦးအောင်သက်ခိုင်နှင့်ဇနီး ဒေါ်တင်တင်အုန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၃၅။ | ဗိုလ်ကြီးဇော်လွင်နှင့်ဇနီး ဒေါ်ဝါဝါခန့်၊ (သမီး) ဒေါက်တာထူးနန္ဒာနွယ်၊ မအောင်ကြင်းမိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၆။ | မိခင်ကြီးဒေါ်တင်ရီအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၇။ | ဒေါ်ညိုညိုလှအားအမှူးထား၍ ဦးသက်ဆွေနှင့်ဇနီး ဒေါက်တာစည်လေးခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၈။ | ဒေါ်ခင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၃၉။ | ကွယ်လွန်သူ ဦးချစ်လှိုင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၀။ | ဦးစိုးတင့်နှင့်ဇနီး ဒေါ်သန်းလှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၁။ | ဦးပြည်သိန်းနှင့်ဇနီး ဒေါ်မာဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၂။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်ပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၃။ | ဦးမင်းမင်းအေးနှင့်ဇနီး ဒေါ်ချိုချိုဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၄။ | ဦးမြလှိုင်နှင့်ဇနီး ဒေါ်အေးမြတ်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၅။ | ဒေါက်တာဝေဖြိုးနှင့်ဇနီး မခိုင်ဇင်ဇင်သန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၆။ | ကွယ်လွန်သူဖခင်ကြီး ဦးသန့်တင့်နှင့် မိခင်ကြီး ဒေါ်အေးမေအားရည်စူး၍ ဦးခင်မောင်ဝင်း နှင့်ဇနီး ဒေါ်စန်းစန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၇။ | ဦးမြတ်ဘိုဝင်းနှင့်ဇနီး ဒေါ်မျိုးသီတာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၄၄၈။ | ဦးလှစိန်နှင့်ဇနီး ဒေါ်ဝင့်ဝါထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၄၉။ | ဒေါ်ကြည်လှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၀။ | ဦးဝင်းလှိုင်နှင့်ဇနီး ဒေါ်အိအိခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၁။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ဝင်းဝင်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၂။ | ဦးစိန်ဘနှင့်ဇနီး ဒေါ်စောရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၃။ | ဦးကျော်သူရနှင့်ဇနီး ဒေါ်မိုးစီစီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၄။ | ဦးမြင့်ထူးနှင့်ဇနီး ဒေါ်ခင်လင်းမာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၅။ | ဦးရွှေကြီးညိုနှင့်ဇနီး ဒေါ်အုံးကြည်၊ (သား)ကိုအေးသန်း အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၆။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်စန်းစန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဇော်မင်းထွန်းနှင့်ဇနီး ဒေါ်ချောစုခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၈။ | ဦးလှမောင်နှင့်ဇနီး ဒေါ်လှရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၅၉။ | ဒေါ်စန်းစန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၀။ | ဦးထွန်းထွန်းနိုင်နှင့်ဇနီး ဒေါ်ရွှေဇင်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၁။ | ဦးမြင့်သိန်းထွန်းနှင့်ဇနီး ဒေါ်လဲ့ရွှေစင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၂။ | ဦးဇော်ဇော်နှင့်ဇနီး ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၃။ | ဦးသက်ဆွေနှင့်ဇနီး ဒေါ်နီလာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၄။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၅။ | ဦးမြဝင်းနှင့်ဇနီး ဒေါ်အေးအေးသွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၆။ | ဒေါ်စောမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၇။ | ဦးသန်းထွေးနှင့်ဇနီး ဒေါ်ခင်မူမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၈။ | ဦးခင်မောင်ဦးအားရည်စူး၍ ဒေါ်မြင့်မြင့်စိန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၆၉။ | ဦးထွေးနှင့်ဇနီး ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၀။ | မိခင်ကြီး ဒေါ်သန်းဌေးအားအမှူးထား၍ ဦးကိုကိုနိုင် နှင့်ဇနီး ဒေါ်နန်းလှဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၁။ | ဒေါ်အုန်းကျင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၂။ | ဦးစိုင်းမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၃။ | ဗိုလ်ကြီးကျော်မြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်လှလှမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၄။ | ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၅။ | ဦးတင်ဦးအားရည်စူး၍ ဒေါ်မြကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၄၇၆။ | ဒေါက်တာမျိုးဇင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၆


## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၆ နှစ်** အောက်မငယ်ရ၊ **၁၉ နှစ် ၆ လ** ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃လက်မ**နှင့် ကိုယ်အလေးချိန် **ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂-၁၀-၂၀၂၃** ရက်နေ့မှစတင်၍ **၂၀-၁၂-၂၀၂၃** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်း အောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည် အကြပ်ကြီး** အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။








## တာဟုန်ဖန်

၁။ **တရုတ်စကားပြန်** ကျား (၂)ဦး / မ (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း၊
- လစာ(ညှိနှိုင်း)

၂။ **Marketing** ကျား (၄)ဦး / မ (၄)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း၊
- လစာ၊ အခြေခံ + % + နှစ်တိုး
- ကိုယ်ပိုင်ဆိုင်ကယ် (က)လိုင်စင်ရှိရမည်။

၃။ **စာရင်းကိုင်** မ (၂)ဦး
- အသက်(၁၈)နှစ်မှ (၂၄)နှစ်အတွင်း
- လစာ၊ အခြေခံ + % + နှစ်တိုး

ဖုန်းနံပါတ်- 09-975190639 , 09-789393768
လိပ်စာ - ၆၂ လမ်း၊ ၁၁၀×၁၁၁
- CV Form အပြည့်အစုံနှင့် လူကိုယ်တိုင်လာရောက်ရန်

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊အကွက်အမှတ်(၉/၂၄)၊အကွက်အမည် ရိုင်တန်းကွင်း၊ ဦးပိုင်အမှတ်(၈၁/၄)၊ ဧရိယာ (၀.၁၅၁) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ကားလမ်း |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ် (၈၁/၆) |
| (ဂ) | တောင်လားသော် | - | အကွက်အမှတ်(၈/၂၂)၊ ပွဲဆိပ်ကွင်း |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်(၈၁/၃) |

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးချမ်းသာ** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့** မတိုင်မီ ဆိုင်ရာစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | စက်ရုံကြီးကြပ် | ကျား | (2) ဦး |
| 2. | စာရင်းကိုင် | ကျား/မ | (2) ဦး |
| 3. | စာရေး/ စာရေးမ | | (2) ဦး |
| 4. | မြို့တွင်း Driver | | (1) ဦး |
| 5. | ရောင်း/ မောင်း | | (1) ဦး |
| 6. | အထွေထွေဝန်ထမ်း | ကျား/မ | (10) ဦး |

- အမှတ်စဉ် (1), (2), (3)အတွက် ဘွဲ့ရဖြစ်ရမည်။ စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကိုအမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (4), (5)အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- စိတ်ဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ထောက်ခံစာ၊ဓာတ်ပုံ(2)ပုံ၊ယာဉ်မောင်းလိုင်စင်မိတ္တူ၊ တို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မှတ်ချက်။** အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291, 09-5069199 ,

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အကွက် (၄၅)၊ ဒေါနဘွားနေ မယွန်းချစ်မြတ်ပိုးအိမ် (ဘ) ဦးညိမ်းမြတ်စံ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-867670) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၂၇၅၉၀

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အကွက် (၄၅)၊ ဒေါနဘွားနေ မသွန်းချစ်နန်းထက်စံ (ဘ) ဦးညိမ်းမြတ်စံ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-867672) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၂၇၅၉၀

ရန်သူ
မီးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ခြင်ဆေးခွေ သုံးလျှင် သတိယှဉ်
အောက်တွင် ခံခွက် မမေ့နှင့်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက်ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME လုပ်ငန်းများတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို Grade-10 မှ Grade - 12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ် ...

❖ ဆက်လက်ပြီး ကျန်သည့်ခရိုင်များ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၀**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ် အောင်မြေမန္တလာအားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀၀ ကျော်၊ ခရိုင်အုပ်စု ခုနစ်ခုမှ အားကစားသမားများ၊ အုပ်ချုပ်သူ၊

**စာမျက်နှာ ၁၈ ကော်လံ ၄ ☆**

## မြန်မာ-မြောက်ကိုရီးယား ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က အိမ်ရှင်အဖြစ် ပူးတွဲကျင်းပမည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ၏ ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် မြောက်ကိုရီးယားအသင်းတို့သည် နိုဝင်ဘာ ၂၁ ရက်**(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါယှဉ်ပြိုင်ကစားကြပုံများကို နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ **MRTV-HD**၊ **MRTV Sports Channel**၊ **MRTV Farmers' Channel**၊ **MRTV Parliament Channel** တို့မှ တိုက်ရိုက်**(Live)**ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုနှင့် **MRTV APP:** အပါအဝင် **Online** တို့မှလည်း တစ်ပြိုင်တည်းထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

